Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Phone: +66 (0) 85 733 4303
E-mail : ndddrd07@csloxinfo.com; ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း [ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ]

## ဖေဖော်ဝါရီလ (၁)ရက်

- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံသည့်နောက်ပိုင်း နအဖစစ်အစိုးရနှင့် တင်းမာမှုပိုများလာခဲ့ကာ ရရှိထားသည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားရန် နအဖစစ်အစိုးရ၌ တာဝန်ရှိကြောင်း မွန်ပြည်သစ်ပါတီက ပြောကြားလိုက်သည်။ (NEJ 010210)
- ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဖန်နဂါရီလကုန်ပိုင်းမှစ၍ ထုတ်ပြန်လိုက်သည့် လျှပ်စစ်မီးပေးချိန် အချိန်ဇယားသစ်အရ ရုံးချိန် (၈) နာရီအတွင်း တနေ့ ဖျမ်းမျှ (၂) နာရီ (၄၀) မိနစ်သာ လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။ (NEJ 010210)
- ရန်ကုန်မြို့တွင်း ခရီးသည်တင်ဒိုင်နာယာဉ်လိုင်းများ ပြေးဆွဲခွင့်ကို ဖေဖော်ဝါရီလ (၁) ရက်မှစတင်၍ ပိတ်ပင်လိုက်သော်လည်း အစားထိုးယာဉ်လိုင်းမရှိသဖြင့် ခရီးသွားပြည်သူများ အခက်အခဲဖြစ်နေသည်။ (NEJ 010210)
- မဲဆောက် "ကောင်းကင်ပြာ" စာသင်ကျောင်းနှင့် ၎င်းကျောင်းတည်ရှိရာ အမှိုက်ပုံတွင် နေထိုင်သူများကို နိုင်ငံတကာ ဆပ်ကပ် ပညာရှင်များက ယနေ့ သွားရောက် ဖျော်ဖြေခဲ့ကြသည်။ (Irrawaddy 010210)
- ဆယ်တန်းစာမေးပွဲတွင် စာကူးဖြေသူများအတွက် အထူးစီမံ ထုတ်လုပ်ထားသော စာအုပ်ငယ် ဈေးကွက်သည် ရန်ကုန်တွင် တနစ်ထက်တနစ် ပိုမိုများပြားလာသည်။ (Irrawaddy 010210)
- တရုတ်-မြန်မာနယ်စပ် ကုန်သည်များအတွက် သွင်းကုန်လိုင်စင်ရရှိရန် ပိုမိုခက်ခဲကြန့်ကြာလာနေကြောင်း မူဆယ် ၁၀၅ မိုင်ရှိ ကုန်သည်များက ပြောသည်။ (Mizzima 010210)
- မြန်မာနိုင်ငံ ဂီတအစည်းအရုံး နာယကတစ်ဦးဖြစ်သူ ဂီတစာဆိုနှင့် ဂီတပူး ဦးဘသိန်းသည် ယမန်နေ့က လူကြီးရောဂါဖြင့် အသက် ၁၀၀ နစ်အရွယ်တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားသည်။ (Mizzima 010210)
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO နှင့်ဆက်စပ်၍ ဖမ်းဆီးထောင်ချထားသည့် မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေးကျောင်းစုရွာက လယ်သမားမိသားစုဝင်များကို နေပြည်တော်ရှိ အာဏာပိုင်များက ယနေ့ လာရောက်တွေ့ဆုံခဲ့ကြောင်း နီးစပ်သူများက ပြောသည်။ (DVB 010210)
- မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့သည် ယာယီဆက်သွယ်ရေးရုံးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း ၏နေအိမ်တွင် အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တိုင်း ပုံမှန်တွေ့ဆုံပွဲပြုလုပ်ကာ အဖွဲ့ချုပ်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးနေကြသည်။ (DVB 010210)
- ယခုလ ၁၉ ရက်နေ့က ခြေလျင်တပ်ရင်း ၈၃ က အတင်းအကျပ်ခေါ်ဆောင်သွားသည့် တောင်တွင်းကြီးမြို့မှ ကလေး နစ်ဦးကို ၁၀ ရက်အကြာတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိလာသည်။ (DVB 010210)
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စိုင်းတင်ချောင်းတွင် ရေအားလျှပ်စစ် စီမံကိန်းကို စတင်အကောင်အထည် ဖော်နေပြီဖြစ်သဖြင့် အာဏာပိုင်များက ဒေသခံလူထုများကို သွားလာခွင့်ပိတ်ပင်လိုက်သည်။ (Narinjara 010210)

- မန္တလေးတိုင်း ပြင်ဦးလွင်မြို့ (မေမြို့)၌ ဖွင့်လှစ်ထားသော နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဂင်းသည် မကြာသေးခင်က ရာထူးမှ အနားယူလိုက်ကြောင်း စစ်ဘက်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 010210)

ဖေဖော်ဝါရီလ (၂)ရက်

- ဗိုလ်ချုပ်အောင်ဆန်း၏ အကြီးဆုံးသား အမေရိကန်နိုင်ငံနေ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လဲ့လဲ့နွယ်သိန်းတို့နှစ်ဦးအား နအဖစစ်အစိုးရနှင့် နောက်လိုက်များနည်းတူ သပိတ်မှောက်ကံဆောင်၍ ဗုဒ္ဓဘာသာဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ယနေ့ ကြေညာချက်ထုတ်ပြန်လိုက်သည်။ (NEJ 020110)
- ပြည်ပမှတင်သွင်းနေရသည့် ယာဉ်အမျိုးမျိုးနှင့် စက်ယန္တရားများ၏ အပိုပစ္စည်းများအား အခွန်စည်းကြပ်ရာတွင် ယခင်တဒေါ်လာကျပ် (၄၅၀) အစား ယမန်နေ့မှစ၍ ပြင်ပပေါက်ဈေးအတိုင်း ပြောင်းလဲသတ်မှတ်လိုက်သည်။ (NEJ 020210)
- စစ်အစိုးရနှင့် DKBA ပူးပေါင်းတပ်ဖွဲ့များ ထိုးစစ်ကြောင့် ထိုင်းဘက်သို့ ထွက်ပြေးတိမ်းရှောင်လာရသော ကရင်ဒုက္ခသည် (၃,၀၀၀) ကျော်ကို မြေမြှုပ်မိုင်း အန္တရာယ်ရှိနေသော နေရပ်သို့ အတင်းအကျပ် ပြန်မပို့ရေးအတွက် ကရင်အမျိုးသမီးအဖွဲ့က ယနေ့ ထိုင်းအစိုးရသို့ အသနားခံစာ ရေးသားပေးပို့လိုက်သည်။ (NEJ/ Mizzima 020210)
- ရန်ကုန်တိုင်းယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်မှုကော်မတီက ၂၀၀၉ ဒီဇင်ဘာ (၁၅) ရက်မှစ၍ လျှပ်စစ်ဂန်ထမ်းများကလွဲ၍ ကျန်ဌာနဆိုင်ရာအားလုံး ဆိုင်ကယ်စီးနင်းခွင့် ပိတ်ပင်ကြောင်း အမိန့်ထုတ်ထားခဲ့သော်လည်း ရဲများနှင့် စရဖများ ပုံမှန်အသုံးပြုနေကြဆဲဖြစ်ကြောင်း လသာမြို့နယ် ရဲစခန်းမှ ရဲဂန်ထမ်းတစ်ဦးက ပြောသည်။ (NEJ 020210)
- တာ့ခ်ခရိုင်အတွင်း မြန်မာအလုပ်သမားများ အုပ်စုလိုက် အသတ်ခံရမှုတွင် အာဏာပိုင် အဖွဲ့ဝင်များ ပါရှိသဖြင့် မကြာမီရက်အတွင်း ၎င်းတို့ကို ဖမ်းဆီးမည်ဟု ထိုင်းအမှတ် (၆) ရဲတိုင်းမှူး ဒု-ဗိုလ်ချုပ်ကြီး ဆူရစီဆွန်ထောင်းဆာရ ထွန်က မဲဆောက်မြို့တွင် ယနေ့ ပြောကြားလိုက်သည်။ (NEJ/ Irrawaddy 020210)
- ထိုင်းနိုင်ငံ မဲဆောက်မြို့ မယ်ကုအရပ်ရှိ မြန်မာနိုင်ငံသား ၁၅၀၀ ခန့် အလုပ်လုပ်နေသော ဟန်ထိုင်း (Hang Thai) သိုးမွေးစက်ရုံ တာဝန်ရှိသူများက စက်ရုံပိတ်မည်ဖြစ်၍ ယခုလ (၁၀) ရက်နေ့ နောက်ဆုံးထား၍ စက်ရုံမှထွက်ခွာရန် ဖိအားပေးနေသည့်အတွက် စက်ရုံအလုပ်သမားများ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ (Irrawaddy 020210)
- ကုလသမဂ္ဂက ဒုက္ခသည်အဖြစ် အသိအမှတ် ပြုထားသူများကို မလေးရှား အစိုးရက ယာယီနေထိုင်ခွင့် လက်မှတ်များ ထုတ်ပေးရန် ပထမဆုံး အကြိမ်အဖြစ် စီစဉ်နေသည်။ (Irrawaddy 020210)
- နိုင်ငံရေးလှုပ်ရှား တက်ကြွသူ သံဃာတော် ၃ ပါးနှင့် လူပုဂ္ဂိုလ် ၂ ဦးကို မကြာသေးခင် ရက်ပိုင်းတွင် စစ်အစိုးရ အင်းစိန်ထောင် အထူးတရားရုံးမှ ထောင်ဒဏ် ၆ နှစ်မှ ၉ နှစ်အထိ အသီးသီးချမှတ်လိုက်သည်။ (Irrawaddy 020210)
- အမေရိကန် သမ္မတအိုဘားမားက မြန်မာနိုင်ငံအတွင်းနှင့် မြန်မာ-ထိုင်းနယ်စပ် တလျှောက်ရှိ ဒီမိုကရေစီနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ လုပ်ငန်းစဉ်များ အထောက်အပံ့အတွက် အမေရိကန် ဒေါ်လာ ၃၆.၅ သန်းပေးရန် လွှတ်တော်သို့ အဆိုတင်သွင်းလိုက်သည်။ (Irrawaddy 020210)
- ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ကမ္ဘာ့အရေး အခင်းများကို နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည့် အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကို ယမန်နေ့က ချီးကျူးလိုက်သည်။ (Irrawaddy 020210)
- ရန်ကုန်တွင် ယမန်နေ့မှ စတင်၍ အင်တာနက်လိုင်းများ နှေးကွေးခြင်း၊ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေသည်။ (Mizzima 020210)

- ရှမ်းပြည် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရွာအနီးတွင် အရှေ့မြောက်တိုင်း ရမခ တိုင်းမှူးက စေတီတည်ရန် ကုန်သည်များထံမှ အလှူငွေများကောက်ခံခဲ့ကြောင်း ဒေသခံများက ပြောသည်။ (Mizzima 020210)
- ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို မသတ်မှတ်သေးသော်လည်း စစ်အုပ်စုကို ထောက်ခံသများကမူ စည်းရုံးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်လျက်ရှိသည်။ (Mizzima 020210)
- နာဂစ်လေဘေးဒုက္ခသည်များအတွက် နိုင်ငံခြားက လှူသည့်ဆန်အိတ်တထောင်နီးပါးကို ရန်ကုန်တက်ရောင်းစားသည့် ရောဂတီတိုင်း ဖျာပုံမြို့နယ် အေးချမ်းဖြိုးတာဝန်ရှိသူတစ်ဦးနှင့် ကြံ့ရာပါတစ်ဦးကို အမှုစစ်ဆေးပြီးတစ်နှစ်အကြာတွင် ထောင်ဒဏ် (၁၀) နှစ်စီ ချမှတ်လိုက်သည်။ (DVB 020210)
- ၂၀၁၀ ရွေးကောက်ပွဲ စည်းရုံးရေးခရီးစဉ်အတွင်း ကြည့်မြင်တိုင်မြို့နယ်ထဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် အဖွဲ့ဝင်များ ရိုက်နှက်ခံခဲ့ရမှုအပေါ် ၎င်းအမှုကို ဆက်လက်မယှဉ်ပြိုင်လိုတော့သဖြင့် အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဘက်က ကျေအေးလိုက်သည်။ (DVB 020210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီထိပ်တန်းခေါင်းဆောင်များကို အောက်ခြေပါတီဝင်များနှင့် တွေ့ဆုံရန်အတွက်ဖိတ်ကြားသွားမည်ဖြစ်ကာ ပါတီအင်အားကို ချဲ့ထွင်သွားမည်ဟု မကွေးတိုင်း ရေနံချောင်းမြို့နယ် ခေါင်းဆောင်များက ယနေ့ ဆုံးဖြတ်လိုက်သည်။ (DVB 020210)
- မြန်မာ့ကျောက်စိမ်းလုပ်ကွက်များသို့ တရုတ်ကုန်သည်များက ဝင်ရောက်လွှမ်းမိုးနေသည်။ (RFA 020210)
- ဟောတီမြေလျှောင်ဘေးကို သွားရောက် ကူညီသူများထဲတွင် နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံသား စေတနာရှင် ဒေါ်လီဗီဆပ်နီတန် (Levi Sap Nei Thang) တို့ မိသားစုလည်း ပါဝင်သည်။ (RFA 020210)
- မြန်မာအာဏာပိုင်များအနေနှင့် ပြည်သူများ၏ လွတ်လပ်မှုနှင့် အခြေခံအခွင့်အရေးတွေ အပါအဝင် စာနယ်ဇင်းလွတ်လပ်ခွင့်များကို လေးစားလိုက်နာရန် လိုအပ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 020210)
- ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် နအဖစစ်အစိုးရမှ အသစ်တိုးချဲ့ချထားလိုက်သည့် အမြောက်တပ်ရင်းအမှတ် ၃၇၇ အတွက် ဒေသခံ ရခိုင်လယ်သမားများ ပိုင်ဆိုင်သည့်လယ်မြေ ဧက ၂၀,၀၀၀ နီးပါးကို မကြာသေးခင်က တပ်ပိုင်အဖြစ် သိမ်းဆည်းလိုက်သည်။ (Narinjara 020210)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကနဲလေးရွာအနီးတဝိုက်၌ လှုပ်ရှားနေသော နအဖနှင့် DKBA ပူးပေါင်းတပ်ဖွဲ့သည် ယမန်နေ့ည ၉ နာရီခန့်တွင် ရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ DKBA ဘက်မှတပ်သား (၂) ပျောက်ဆုံးနေသည်။ (KIC 020210)
- အကျဉ်းကျနေသည့် ကိုမင်းကိုနိုင်နှင့် ကျောင်းသား ခေါင်းဆောင်များက ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဝင်ပါက လွှတ်ပေးမည်ဟု အာဏာပိုင်များ၏ ကမ်းလှမ်းချက်ကို လက်မခံခဲ့ကြောင်း သတင်းထွက်ပေါ်နေသည်။ (BBC 020210)
- ဇန်နဝါရီလ ၃၀ ရက်နေ့ ည ၉ နာရီခန့်တွင် တရုတ်နယ်စပ် မူစယ်မြို့နယ် မန်ဟျူး (မန့်ဟီးရိုး) မြို့နယ်ခွဲ ၁၉ ရွာအုပ်စု နောင်မနေ (နောင်မ မြောက်ရွာ) ရွာ လောင်းကစားဝိုင်း၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်ဟု တရုတ်နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 020210)

ဖေဖော်ဝါရီလ (၃)ရက်

- မြန်မာစစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပမည်ဟု ပြောဆိုနေသော်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ယခုချိန်ထိ မထုတ်ပြန်သေးသည့်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက စိုးရိမ်နေကြသည်။ (VOA 030210)

**NDD-မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ဖေဖော်ဝါရီ (၅) ရက်တွင် ကျရောက်မည့် (၄၉) နှစ်မြောက် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) တော်လှန်ရေး နေ့ အထိမ်းအမှတ်ပွဲတော်အဖြစ် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်အတွင်းရှိ KIO တပ်မဟာ (၁) ၌ ယနေ့ စတင် ကျင်းပလိုက်သည်။ (NEJ 030210)
- မုတ္တမကမ်းလွန်ရှိ သဘာဝဓာတ်ငွေ့ လုပ်ကွက်တစ်ခုဖြစ်သော ဇောတိက စီမံကိန်းမှ ယခုနှစ် ပွင့်လစ်ရာသီအတွင်း သဘာဝဓာတ်ငွေ့ စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် စစ်အစိုးရ စွမ်းအင်ဝန်ကြီးဌာနက ပြောကြားလိုက်သည်။ (NEJ 030210)
- မြန်မာနိုင်ငံ ဂီတအစည်းအရုံးပိုင် အဆောက်အအုံမှ ဖယ်ရှားပေးရန် အကော်ဒီယံအုန်းကျော် မိသားစုကို ဂီတအစည်း အရုံးက တာမွေတရားရုံးတွင် တရားစွဲဆိုလိုက်သည်။ (NEJ 030210)
- မြန်မာနိုင်ငံတွင် ဒုတိယနှစ်ဝက်ပိုင်းအတွင်း ရွေးကောက်ပွဲကျင်းပနိုင်၍ ရွေးကောက်ပွဲကာလတွင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးနိုင်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ဖိရုန်က ယမန်နေ့က ပြောကြားလိုက်ကြောင်း AFP သတင်းတွင် ဖော်ပြလိုက်သည်။ (NEJ 030210)
- မြန်မာနိုင်ငံသားများကို အုပ်စုလိုက်သတ်ဖြတ်မှုတွင် ဦးဆောင်သည့် ထိုင်းရဲအရာခံဗိုလ် (၁)ဦးနှင့် ထိုင်းနိုင်ငံသား (၄) ဦး၊ မြန်မာနိုင်ငံသား (၁) ဦး အပါအဝင် (၆) ဦးကို ထိုင်းရဲက ယနေ့ ဖမ်းဝရမ်းထုတ်ကာ လိုက်လံရှာဖွေဖမ်းဆီးလျပ်ရှိ သည်။ (NEJ/ KIC 030210)
- ပြည်တွင်း ကားရောင်းဝယ်ရေးလုပ်ငန်းများ အေးနေကာ ကားဈေးများ ကျဆင်းလျက်ရှိကြောင်း ရန်ကုန်နှင့် မန္တလေး မြို့ ကားရောင်းဝယ်ရေးလုပ်ငန်းအသိုင်းအဝိုင်းက ဆိုသည်။ (Irrawaddy 030210)
- ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယခင် လကုန်ပိုင်းနှင့် ယခုလဆန်းပိုင်းအတွင်း ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြား လေးသန်းခန့်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အချို့၏ လက်ချက်ဟု ထိုင်းအာဏာ ပိုင်များက ပြောသည်။ (Mizzima 030210)
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် နိုင်ငံတပ်မ်း အိုးအိမ်မဲ့များကို နေရာချထားရန်အတွက် အိမ်ခြေ ၅၀၀ ကျော် တည်ရှိမည့် စံပြကျေးရွာသစ် ၅ ရွာကို တည်ဆောက်နေသည်။ (Mizzima 030210)
- ချင်းပြည်နယ်အတွင်း ရိက္ခာရှားပါးမှု ဖြစ်ပွားခဲ့သည်မှာ ၃ နှစ်ကျော် ကြာမြင့်လာခဲ့သော်လည်း ချင်းပြည်သူများ အတွက် ယနေ့တိုင် ရိက္ခာပြဿနာများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ချင်းအရေးပေါ် ရိက္ခာကူညီရေးအဖွဲ့တစ်ဖွဲ့က ပြောသည်။ (Mizzima 030210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့က လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် တရားစီရင်ရေးအပေါ် သုံးသပ်သည့် ဆွေးနွေးပွဲတစ်ရပ် အဖွဲ့ချုပ်ရုံးချုပ်တွင် ပြုလုပ်ခဲ့သည်။ (DVB 030210)
- မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များတွင် အဖွဲ့ချုပ်အမျိုးသမီးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနေရာ ဇန်နဝါရီလ ၃၁ ရက်နေ့က အရှေ့မြောက်မြို့နယ် အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း တိုင်းအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်သန်းသန်းအေးက ပြောသည်။ (DVB 030210)
- မကွေးတိုင်း ဆင်ပေါက်ဝဲမြို့နယ်ဘုရားပွဲလာသည့် ရွာသားတချို့ကို စစ်တပ်ကဖမ်း၍ စစ်သားအဖြစ် ဆုဆောင်းနေ သည်။ (DVB 030210)
- ထောင်အာဏာပိုင်များက ယမန်နှစ်နှစ်ကုန်ပိုင်းက ထောင်နှစ်ရှည် ချမှတ်ခဲ့သည့် နိုင်ငံရေးအကျဉ်းသားများကို မိသား စုများနှင့် ဝေးလံသည့်နယ်အသီးသီးက ထောင်များဆီ ပို့ဆောင်ထားလိုက်ကြောင်း မိသားစုဝင်များက ပြောသည်။ (DVB 030210)
- ရခိုင်ပြည်နယ်တွင် တင်ဆက်ကပြနေသော ဇာတ်သဘင်များတွင် အနောက်တိုင်း ဖေါ်ချွတ်အကများတွင် အထူးရေ ပန်းစားနေ၍ ဇာတ်ပွဲတိုင်းတွင် မပါမပြီးသော အကဖြစ်နေသည်။ (Narinjara 030210)
- ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် ရခိုင်အမျိုးသမီးသမဂ္ဂ RWU ဥက္ကဌ ဒေါ်စောမြရာဇာလင်းက မစ္စတာကင်တားနားထံသို့ ယမန်နေ့က စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ (Narinjara 030210)

- မြန်မာနိုင်ငံတွင်း တိုးတက်ပြန့်ပွားလာနေသည့် HIV/AIDS ရောဂါအတွက် ဆေးဝါးထောက်ပံ့မှုများစွာ လိုအပ်နေကြောင်း ကူညီစောင့်ရှောက်နေသူ တစ်ဦးက ပြောသည်။ (Yoma3 030210)
- ရွေးကောက်ပွဲကျင်းပမည်ဟု နိုင်ငံတကာနှင့် တိုင်းပြည်အား ကြေညာထားသော်လည်း လက်တွေ့တွင် တပ်တွင်းက စိတ်မဝင်စားကြကြောင်း ပြောသည်။ (Yoma3 030210)
- မိုင်းလားတပ်ဖွဲ့ အတွင်းရေးမှူး ဦးမင်းအိမ်လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း အပစ်ရပ်တပ်ဖွဲ့ ခေါင်းဆောင်များ သဘောထား ကွဲလွဲမှုဖြစ်စေမည့်ကိစ္စများ အထူးရှောက်ရှား၍ ရင်းနှီးမှုပိုမိုရရှိလာကြောင်း - အပစ်ရပ်သျှမ်းပြည် တပ်မတော်အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 030210)
- ငါးလုပ်ငန်းဦးစီးဌာနမှ ဈေးကွက်အတွင်းရောင်းချနေသောပြဒါးဓာတ်ပါသော ငါးများ၊ မသန့်စင်သော ငါးများ ဓါတုဗေဒဆေးများထည့်သွင်းထားသော ငါးများကို ရောင်းချနေဆဲဖြစ်သည်။ (Kaowao 030210)

ဖေဖော်ဝါရီလ (၄)ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဋ္ဌ ဦးတင်ဦးအား လာမည့်အပတ်တွင် လွှတ်ရက်စေ့ပြီဖြစ်သဖြင့် လွှတ်ပေးသင့်ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (NEJ 040210)
- မြင်းခြံမြို့နယ်မှ ဒေါက်တာဝင့်သူ အမှုတွဲတွင် ပါဝင်သည့် နိုင်ငံရေးအကျဉ်းသားများကို ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် စီရင်ချက်ချပြီးနောက်ပိုင်း မည်သည့်နေရာတွင် ထားသည်ကို မိသားစုဝင်များက စုံစမ်း၍မရဘဲ ပျောက်ဆုံးနေသည်။ (NEJ 040210)
- မကြာသေးမီရက်ပိုင်းကစ၍ သွင်းကုန်ပစ္စည်းတန်ဖိုးများကို ကြိုတင်ကြေညာခြင်းမရှိဘဲ တိုးမြှင့်ထားသဖြင့် နေပြည်တော်ရှိ နကသရုံးချုပ်၌ လိုင်စင်လျှောက်မှသာ ဈေးနှုန်းအပြောင်းအလဲရှိနေမှန်းသိ၍ မိမိတို့တွင် ရှိနေသည့် ပြည်ပပို့ကုန်မှရငွေများဖြင့် ပြန်လည်ညှိနှိုင်းပြင်ဆင်နေရကာ အချိန်ကြန့်ကြာမှုများ ဖြစ်နေကြောင်း တရုတ်-မြန်မာနယ်စပ်ကုတ်သည်တစ်ဦးက ပြောသည်။ (NEJ 040210)
- ကချင်အထူးဒေသ (၁) ခေါင်းဆောင် ဦးဆခုံတိန့်ယိန်း၏သား ဆခုံယိန်းဆောင် ပိုင်ဆိုင်သည့် ဆန်းလင်းသွင်းကုန်ထုတ်ကုန်ကုမ္ပဏီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ရန် ဘောလုံးအသင်းတစ်သင်း တည်ထောင်လိုက်ခြင်းသည် ကိုယ်ကျိုးစီးပွားရာရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့ခံများက ပြောသည်။ (NEJ 040210)
- နိုးကူးခွေဟု အမျိုးခေါ်သည့် ပြည်တွင်းပြည်ပ ဆင်ဆာမဲ့ စီဒီ၊ ဗွီစီဒီအချပ်မျိုးစုံတို့ကို တရားမဝင် ရောင်းချနေသည့် လမ်းဘေးအရောင်းဆိုင်များကို တရားဝင် ရောင်းချခွင့်လိုင်စင်များ ပြုလုပ်ပေးသွားရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်တစ်ဦးက ပြောသည်။ (NEJ 040210)
- မဲဆောက်တွင်ဖွင့်လှစ်ထားသည့် ကရင်သတင်းစဉ် ရုံးခန်းကို ယနေ့နံနက်က ထိုင်းအာဏာပိုင်များ အင်အားသုံး၍ ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ (NEJ/ Irrawaddy 040210)
- အဖွဲ့အစည်းတစ်ခုခုက ဒုက္ခသည်များကို အကျပ်ကိုင်၍ ပြန်ပို့သည့်အတွက် ဆိုးဝါးသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပါက အဓမ္မပြန်ပို့သည့် အဖွဲ့ကသာ လုံးဝတာဝန်ယူရမည်ဟု ကရင်အမျိုးသားအစည်းအရုံး (KNU) က ပြောကြားလိုက်သည်။ (NEJ 040210)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ထဆောင်ယန်း မြို့နယ်ရှိ ဒုက္ခသည် ၃၀၀၀ ခန့်ကို အန္တရာယ်ရှိသည့် မိုင်းကွင်းထဲသို့ ပြန်မပို့ရန် Friends of Burma (ထိုင်း-မြန်မာမိတ်ဆွေများအဖွဲ့) က တောင်းဆိုလိုက်သည်။ (NEJ 040210)

ဖေဖော်ဝါရီလ (၅)ရက်

- မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကုသရာတွင် အာနိသင်အထက်ဆုံးဖြစ်သည့် ဘာတီမစ်စင်နင် ငှက်ဖျားကာကွယ်ဆေးမတိုးတော့သည့် အခြေအနေဖြစ်ပေါ်နေကာ ဒေသတွင်း၌ ငှက်ဖျားရောဂါထိန်းချုပ်ရန် အဓိက စိမ်ခေါ်မှုတစ်ရပ်

အဖြစ် ရင်ဆိုင်ရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ဖော်ပြောဆိုလိုက်သည်။ (NEJ/ Irrawaddy 050210)

- တွေ့ဆုံဆွေးနွေးရေးကသာ ပြဿနာဖြေရှင်းနိုင်၍ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရသေးသ၍ နယ်ခြားစောင့်တပ်လက်မခံနိုင်ကြောင်း ယနေ့ကျရောက်သည့် (၄၉) နှစ်မြောက် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) ၏ တော်လှန်ရေးနေ့သဝဏ်လွှာတွင် ဖော်ပြထားသည်။ (NEJ 050210)
- ဘန်ကောက်မြို့နှင့် စမွတ်ပရာခန်ခရိုင်အတွင်း သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့သည့် စိတ်ကြွဆေး (၃.၆၆) သန်းသည် ထိုင်းအာဏာပိုင်များ စွပ်စွဲထားသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှမဟုတ်ဘဲ မြန်မာစစ်အစိုးရအုပ်ချုပ်သည့် နယ်မြေအတွင်းရှိ ပြည်သူ့စစ်နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့များမှ ပစ္စည်းများဖြစ်ကြောင်း ဒေသတွင်း မူးယစ်ဆေးဝါးလေ့လာစောင့်ကြည့်သူများက ပြောသည်။ (NEJ 050210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၃ ဦးကို ယခုလ ၂ ရက်နေ့က အင်းစိန်ထောင်မှ နယ်ထောင်များသို့ ပြောင်းရွှေ့လိုက်ကြောင်း ၎င်းမိသားစုဝင်များက ပြောသည်။ (Mizzima 050210)
- မြန်မာနိုင်ငံတွင် ကျောင်းမတက်နိုင်သော ကလေးများအတွက် ကျောင်းပြင်ပမူလတန်း ပညာသင်ကြားရေးကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ပညာရေးဝန်ကြီးဌာနက မြို့နယ် ၁၂ မြို့နယ်တွင် ဆောက်လုပ်နေသည်။ (Mizzima 050210)
- ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ စီးပွားရေးနှင့် ကူးသန်းဝန်ကြီးဌာန၏ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဌာနပိုင် ဆီဂိုဒေါင်တစ်ခုတွင် ယနေ့မွန်းလွဲပိုင်းက မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူတစ်ဦး ဒဏ်ရာရခဲ့သည်။ (Mizzima 050210)
- ရန်ကုန်တိုင်းအတွင်း တရားမဝင် ဖွင့်လှစ်ထားသော အနိုပ်ခန်း အရေအတွက်သည် ၃၀၀ မှ ၃၅၀ အကြား ရှိနေနိုင်ကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး (ရဲချုပ်ရုံး)မှ အကြီးတန်း ရဲအရာရှိတစ်ဦးက ပြောသည်။ (Mizzima 050210)
- မခိုင်ရွှန်းလဲ့ရည်၏ မိသားစုက နာရေးကူညီမှုအသင်း၏ သုခကုသိုလ်ဖြစ် ဆေးခန်းအတွက် ဓာတ်မှန်အဆောက်အအုံဆောက်လုပ်ရန် ကျပ်သိန်း ၁၅၀ လှူတန်းခဲ့ကြောင်း အသင်းတာဝန်ခံတစ်ဦးဖြစ်သည့် ဦးကျော်သူက ပြောသည်။ (Irrawaddy 050210)
- ထိုင်းမြန်မာနယ်စပ်ရှိ ကရင်ဒုက္ခသည် ၃၀၀၀ ခန့်ကို ထိုင်းအာဏာပိုင်များက ယနေ့နေရပ်သို့ ပြန်ပို့မည့် အစီအစဉ်အား ရပ်ဆိုင်းပေးရန် အမေရိကန်နိုင်ငံ ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရတစ်ပါတီ လွှတ်တော်အမတ် ၂၉ ဦးက ထိုင်းဝန်ကြီးချုပ် အဖိဆစ်ဝေ့ချာချီဝအား တိုက်တွန်းလိုက်သည်။ (Irrawaddy 050210)
- ဧရာဝတီတိုင်း ဟသ်ာတမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကျပ်ရေးဝန်ထမ်းများကလာဘ်စားမှုတချို့ရှိနေသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ (DVB 050210)
- ဒေါ်အောင်ဆန်းစုကြည်က လုံခြုံရေးအတွက် နေအိမ်ပြန်ပြင်မှုကို သူမအစ်ကို ဦးအောင်ဆန်းဦးက တားမြစ်ထားသည့်အပေါ် ပြန်လည်ကန့်ကွက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က တရားရုံးကို စာတင်လိုက်သည်။(DVB 050210)
- ငှက်ဖျားရောဂါ အဖြစ်များသည့် မွန်၊ ကရင်၊ ကယား၊ ရှမ်းစသည့် ပြည်တွင်းတိုင်းရင်းသားဒုက္ခသည်ဒေသများတွင် ရောဂါကုသရေးစေတနာ့ဝန်ထမ်းအနေနှင့် နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့က ငှက်ဖျားရောဂါကုသရေးတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်နိုင်သေးကြောင်း ပြောကြားလိုက်သည်။ (DVB 050210)
- ပဲခူးတိုင်း သာယာဝတီမြို့တွင် မယကဉက္ကဌသစ်က ကျေးရွာ၊ ရပ်ကွက်အုပ်စုအလိုက် ရယကများကို ပြက္ခဒိန်များနှင့် ဗွီစီဒီများ အတင်းအကျပ်ရောင်းခိုင်းကာ ရယကစာရေးများဆီက ငွေဖြတ်ယူနေသည်ဟု ရယကစာရေးများဆီက ငွေဖြတ်ယူနေကြောင်း ရယကစာရေးနှင့် နီးစပ်သူများက ပြောသည်။ (DVB 050210)
- မြန်မာစစ်အစိုးရ ဒုတိယ အကြီးအကဲ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ မွေးရပ်ဇာတိဖြစ်သည့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့တွင် မြို့အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ဦး၏ အဂတိလိုက်စားမှု၊ မတရားအနိုင်ကျင့်မှုများကြောင်း မြို့ခံများမကျေမနပ်ဖြစ်နေကြသည်။ (RFA 050210)

- ၄၉ နှစ်မြောက် ကချင်တော်လှန်ရေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၅ ရက် ယနေ့တွင် အိန္ဒိယနိုင်ငံရောက် ကချင်တိုင်းရင်းသားများနှင့် မြန်မာ့အရေးလှုပ်ရှားသူများက နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးနှင့် မြစ်ဆုံရေကာတာစီမံကိန်းအား ကန့်ကွက်ဆန္ဒပြကြသည်။ (RFA 050210)
- အမေရိကန်လွှတ်တော်အမတ်များနှင့် လူ့အခွင့်အရေးအဖွဲ့များ၏ တောင်းဆိုမှုကြောင်း ထိုင်းအစိုးရအနေနှင့် ကရင်ဒုက္ခသည်များကို ဌာနေပြန်ပို့ရေးအစီအစဉ်ကို ယနေ့ စတင်ကာ မကြာခင်ပင် ရပ်ဆိုင်းလိုက်သည်။ (RFA 050210)
- မြန်မာအမျိုးသမီးများကို တရုတ်လူမျိုးများနှင့် လက်ထပ်ရန် ရောင်းစားမှုများသည် လွန်ခဲ့သည့်နှစ်တွင် ပိုမိုများပြားလာကြောင်း တရုတ်နိုင်ငံထုတ် Shanghai Daily သတင်းစာတွင် ရေးသားဖော်ပြထားသည်။ (RFA 050210)
- ထိုင်းစစ်တပ်က ကရင်စစ်ပြေး ဒုက္ခသည်များကို ပြန်ပို့ရေးအစီအစဉ်ကို လူ့အခွင့်အရေးအဖွဲ့များက စိုးရိမ်ပူပန်နေကြသည်။ (RFA 050210)
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ ရဲတပ်ဖွဲ့က တရုတ်နယ်စပ်သို့ တရားမဝင်ခိုးလမ်းအတိုင်း သွားသူများထံမှ ငွေတောင်းယူမှုများရှိနေကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 050210)
- ရှမ်းပြည်မြောက်ပိုင်း မန်တုန်နှင့်နမ့်ခမ်းမြို့နယ်အတွင်းရှိ ဘိန်းခင်းများအား အာဏာပိုင်များက ဖျက်ဆီးရာတွင် လာဘ်စားမှုများရှိနေသည်ဟု ပလောင်အမျိုးသမီးအစည်းအရုံး PWO က ပြောသည်။ (NMG 050210)
- အပစ်ရပ်အဖွဲ့ဖြစ်သော ကယန်းပြည်သစ်ပါတီ KNLP သည် မြန်မာစစ်အစိုးရ ဖိအားပေးနေသော နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်မခံသဖြင့် ၎င်းထိန်းချုပ်ရာ နယ်မြေဒေသများတွင် နအဖစစ်တပ်အင်အားများ ပိုမိုတိုးချဲ့ချထားလာသည်။ (Kantarawaddy Times 050210)
- ချင်းပြည်နယ် ပလက်ဝမြို့နယ် အတွင်းရှိ စိမ့်စမ်းဝ လေယာဉ်ကွင်းဟောင်းကို တပ်ပိုင်နယ်မြေအဖြစ် ပြုလုပ်ရန်စီစဉ်မှုသည် ယခုအခါ အငြင်းအပွားဖြစ်နေသည်။ (Narinjara News 050210)

ဖေဖော်ဝါရီလ (၆)ရက်

- ပဲခူးမြို့က ကလေးစစ်သားစုဆောင်းခံခဲ့ရသည့်သတင်းကို ထုတ်လွှင့်ခဲ့သည့် ပြည်ပအသံလွှင့်ဌာနများအား တရားစွဲဆိုသင့်ကြောင်း နအဖစစ်အစိုးရသတင်းစာများတွင် ရေးသားဖော်ပြထားသည်။ (DVB 060210)
- မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်တွင် ယနေ့ညနေက ကျင်းပပြုလုပ်ခဲ့သည်။ (DVB 060210)
- ကရင်စစ်ပြေးဒုက္ခသည်များကို အန္တရာယ်ရှိနိုင်သည့် မြန်မာဘက်ခြမ်းကို အတင်းအကျပ်ပြန်ပို့မည်ကို လူ့အခွင့်အရေးအဖွဲ့များ စိုးရိမ်နေသည့်ကြားက ထိုင်းစစ်တပ်က ဆက်လက်ဖိအားပေးနေကြောင်း ကရင်အမျိုးသမီးအစည်းအရုံး KWO က ပြောသည်။ (DVB 060210)
- မြန်မာစစ်အစိုးရ အနေနှင့်ယခုနှစ်အတွင်း ကျင်းပမည့်ရွေးကောက်ပွဲအပေါ် အများကယုံကြည်လက်ခံရန် ပြသသည့်အနေနဲ့အတိုက်အခံ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးသင့်သည်ဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး Alberto Romulo က တောင်းဆိုလိုက်သည်။ (RFA 060210)
- မနေ့က ပဲခူးမြို့မှာရှိသည် အင်တာနက်ဆိုင် ၂၀ ကျော်က ဆိုင်ပိုင်ရှင်များကို မြို့နယ်ဥက္ကဌက ခေါ်ယူကာ အင်တာနက်အသုံးပြုသူများ၏ အဝင်အထွက်မှတ်တမ်းနှင့် လက်မှတ်ထိုးခိုင်းသည့်အကြောင်း အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ (RFA 060210)

ဖေဖော်ဝါရီလ (၇)ရက်

- မြန်မာစစ်အစိုးရကသာ "ပြည်တွင်းပြည်ပ နိုင်ငံရေးလှုပ်ရှားသူများကို လွတ်လပ်ခွင့်ပေးမယ်၊ နိုင်ငံရေးပါတီများက နိုင်ငံရေးသမားများပါသည့် အမျိုးသားအစိုးရကို ဖွဲ့ပေးမယ်၊ တစ်ခါ ရွေးကောက်ပွဲကျင်းပပြီး နိုင်သည့်ပါတီကို အာဏာ

လွှဲပေးမည်ဆိုရင် သူတောင်ပါတီထောင်ပြီး လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်" ဟု SSA ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရွက်ဆစ်က ပြောကြားလိုက်သည်။ (BBC 070210)

- တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်း ရာဖူးကျောက်ကုတင် ကိုးမိုင်အလယ်စခန်း ကျေးရွာများတွင် ဖွဲ့စည်းထားသော ပြည်သူ့စစ်များကို နအဖစစ်ကြောင်းများနှင့်ပူးပေါင်း၍ ဒေသတွင်း လှုပ်ရှားနေသော မွန်ခွဲထွက်အဖွဲ့များကို ရှင်းလင်းရာတွင် အသုံးပြုသွားမည်ဟု ကျေးရွာ ရယက တစ်ဦးက ပြောသည်။ (Kaowao 070210)
- ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တွင် ကြက်ငှက်တုတ်ကွေးရောဂါတွေ့ရှိသည့် ကြက်ကောင်ရေ ၂,၅၀၀ ကျော်ကို သုတ်သင်ရှင်းလင်းလိုက်သည်။ (DVB 070210)
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိရကြောင်း ဒေသခံများက ပြောသည်။ (DVB 070210)
- ဂျပန်နိုင်ငံကိုတင်ပို့သည့် မြန်မာပြည်က စားသောက်ကုန်ထဲတွင် လူကိုအန္တရာယ်ဖြစ်စေသည့် ပိုးသတ်ဆေး ပမာဏ အများအပြား ပါဂ်နေသည်ဟု ဂျပန်လူမှုဖူလုံရေးနှင့် အလုပ်သမားဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်လိုက်သည်။ (DVB 070210)
- စက်ပူ မြန်မာသံရုံးက နေပြည်တော်ကို ပေးပို့သည့် သံရုံးဝန်ထမ်းများစာရင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးနှစ်ဦးအမည်ကို တရားဝင်ဖော်ပြထားသော်လည်း ဖုန်းနံပါတ်နှင့် နေအိမ်လိပ်စာကို ထည့်သွင်းထားခြင်းမရှိကြောင်း တွေ့ရသည်။ (RFA 070210)
- ကယားပြည်နယ် ရှားတောမြို့နယ်အနီးက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်ရှိဒေါ်နို့ရှုး ကျေးရွာတွင် နေထိုင်သည့်ရွာသားများအား နအဖစစ်တပ်က ဖမ်းဆီးခြိမ်းခြောက်မှုများ ပြုလုပ်နေသဖြင့် တောတောင်ထဲသို့ ထွက်ပြေးပုန်းရှောင်နေရသည်။ (RFA 070210)
- ရန်ကုန်-မန္တလေးမီးရထားလမ်းပေါ်က သာစည်ဘူတာတွင် အသက် ၂၀ ဝန်းကျင်လူငယ်များကို သာစည်အခြေစိုက် အမှတ် ၂ စစ်သားစုဆောင်းရေးတပ်၊ အမြောက်တပ် ၃၂၀၊ ခမရ ၄၁၉ နှင့် ၄၂၀ တို့က အတင်းအဓမ္မ စစ်သားစုဆောင်းနေသည်။ (RFA 070210)

ဖေဖော်ဝါရီလ (၈)ရက်

- ကမ္ဘာ့အုံဖွယ် သမိုင်းဝင် ကျိုက်ထီးရိုးစေတီ၏ တောင်တော်တဝှမ်းတွင် ရေခန်းခြောက်မှုဒဏ် ဆိုးကျိုးများနှင့် စတင် ရင်ဆိုင်နေရ၍ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုလည်း အဆိုးဝါးဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း ဂေါပက အဖွဲ့ဝင်တစ်ဦးက ပြောသည်။ (NEJ 080210)
- နေပြည်တော်တွင် ဖေဖော်ဝါရီ (၆) ရက်က ပြုလုပ်သော ၂၀၁၈ ခုနှစ် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် ယမန်နှစ်လောက် လုံခြုံရေးမတင်းကျပ်သော်လည်း ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက စာနယ်ဇင်းသမားများကို နှိပ်ကွပ်ခဲ့ကြောင်း သတင်းထောက်များက ပြောသည်။ (NEJ 080210)
- မြန်မာနိုင်ငံတဝှမ်း ယခု ဖေဖော်ဝါရီလအတွင်း A(H1N1) တုပ်ကွေးလူနာသစ် (၁၂) ဦး ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ (NEJ 080210)
- စီးပွားရေးလုပ်ကွက်အသစ်များ အင်တိုက်အားတိုက် ဖော်ဆောင်လာသည့် ကချင်ပြည်နယ်သို့ ပြည်တွင်းလုပ်သားပြောင်းရွှေ့မှု များပြားလာခြင်းကြောင်း အညာဒေသ လယ်ယာလုပ်ငန်းများ လုပ်သားရှားပါးမှုနှင့် ကြုံတွေ့လာရသည်။ (NEJ 080210)
- ယခုရက်ပိုင်း ရှမ်းပြည်မြောက်ပိုင်းအတါင်း လိုင်စင်မဲ့ကားများ စတင်ဖမ်းဆီးနေကာ (၂) ရက်အတွင်း အစီး (၂၀) ကျော် ဖမ်းဆီးထားပြီးဖြစ်သည်။ (NEJ 080210)

- ရန်ကုန်တိုင်း စစ်ဌာနချုပ်ပိုင် ဥစားကြက် မွေးမြူရေးကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်သွားသောကြောင့် မြို့နယ်တချို့တွင် ကြက်၊ ဘဲမရောင်းချရန်နှင့် ရောင်းချပါက ပြင်းထန်စွာ အရေးယူသွားမည်ဟု အမိန့်ထုတ်ပြန်လိုက်သည်။ (Irrawaddy 080210)
- ၂၀၀၈ ခုနှစ်အတွက် ပေးအပ်ခဲ့သည့် အကယ်ဒမီထူးချွန်ဆုပေးပွဲ၏ ဇာတ်ကားဆုတွင် အညံ့ဆုံးထဲမှ အကောင်းဆုံးကို ရွေးချယ်ပေးလိုက်ခြင်းဖြစ်ကြောင်း ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးက ပြောသည်။ (Irrawaddy 080210)
- တောင်းရမ်းစားသောက်သူများ ပပျောက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) က နေ့စားအလုပ်သမားအဖြစ် ခန့်ထားမည်ဟု ဆိုသော်လည်း လုပ်ကိုင်လိုသူများ ရှားပါးနေသည်။ (Irrawaddy 080210)
- ရန်ကုန်မြို့လယ်ရှိ ရွှေတိဂုံဘုရား အနောက်ဘက် မုခ်နှင့်ပြည်သူ့လွှတ်တော်ရှေ့တွင် တည်ရှိသော ဧက ၁၃၀ ကျယ်ဝန်းသည့် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကို စစ်အစိုးရက ပြည်တွင်းကုမ္ပဏီတစ်ခုသို့ ရောင်းချလိုက်ပြီဖြစ်သည်။ (Irrawaddy 080210)
- လစာတိုးမြှင့်ရရှိရေးအတွက် လှိုင်သာယာစက်မှုဇုံ ၃ ရှိ မြဖက်ရှင်အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၄၀၀ ခန့်က ယနေ့နေ့လည်က ဆန္ဒပြခဲ့ကြသည်။ (Mizzima 080210)
- ဘင်္ဂလား-မြန်မာနယ်စပ် တက္ကနာမြို့၌ မြန်မာနိုင်ငံမှ တင်ပို့သော မောင်ခိုကုန်ပစ္စည်းများ လက်ခံမည့်ဆိပ်ကမ်းသစ်ကို ယခုလ ၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း နယ်စပ်သတင်းရပ်ကွက်မှဆိုသည်။ (Mizzima 080210)
- မြန်မာနိုင်ငံကို လူသားချင်းစာနာသည့် အကူအညီများ ထပ်တိုးပေးသွားမည်ဟု ဩစတြေးလျအစိုးရက ကြေညာလိုက်သည်။ (DVB 080210)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ထောင်တွင် ထောင်ကျခံနေရသည့် ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မမှုဆောင်အဖွဲ့ဝင် စိုင်းလှအောင်သည် ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်။ (DVB 080210)
- တနင်္သာရီတိုင်းအတွင်းရှိ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းနှင့် ထားဝယ် (၄) မြို့နယ်အဖွဲ့ချုပ် ယမန်နေ့က ထားဝယ်မြို့တွင် ပြုလုပ်ခဲ့သည်။ (DVB 080210)
- နေပြည်တော်က ပညာရေးတာဝန်ရှိသူတစ်ဦး၏ လုံခြုံရေးကုန်ကျစရိတ်ဟုဆိုကာ ရန်ကုန်တိုင်းသုံးခွမြို့နယ်မှ ကျောင်းဆရာဆရာမများထံ ငွေကြေးဖြတ်တောက်နေသည်။ (DVB 080210)
- သျှမ်းပြည်အမျိုးသားနေ့မရှိလျှင် ပြည်ထောင်စုနေ့မရှိနိုင်ဟု သျှမ်းပြည်တပ်မတော်လွယ်တိုင်းလျဲန်းဌာနချုပ်၌ ကျင်းပသည့် ၆၃ နှစ်မြောက်သျှမ်းပြည်အမျိုးသားနေ့ ဂုဏ်ပြုပွဲတွင် သျှမ်းခေါင်းဆောင်တစ်ဦးက မိန့်ခွန်းပြောကြားခဲ့သည်။ (S.H.A.N 080210)
- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာထားသော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် SSA အဖွဲ့က လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်၍ ဆင်နွှဲသွားမည်ဟု ရှမ်းပြည် အမျိုးသားနေ့တွင် အခိုင်အမာပြောကြားလိုက်သည်။ (VOA 080210)
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းအစိုးရမှ တရားဝင်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးနေသည်။ (IMNA 080210)

## ဖေဖော်ဝါရီလ (၉)ရက်

- အပစ်ရပ် ရှမ်းပြည်တပ်မတော်မှ ခေါင်းဆောင်များအား နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် စစ်ဖက်ရေးရာ အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်က ယခုလ (၆) ရက်တွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့၌ တွေ့ဆုံခဲ့ကာ ပြည်သူ့စစ်အသွင်ပြောင်းရေးအတွက် တင်းတင်းမာမာပြောဆိုခဲ့သည်အထိ ဖြစ်ခဲ့သည်။ (NEJ/ Irrawaddy/ Mizzima 090210)
- မီးလောင်ပြင်မြေနေရာကို စနစ်တကျ မြေကွက်သတ်မှတ်ခြင်းမရှိဘဲ နဂိုမူလအတိုင်း ပြန်လည်နေရာချပေးခြင်းသည် နောက်ထပ်မီးဘေး အန္တရာယ်အတွက် စိုးရိမ်ရကြောင်း မီးသတ်အရာရှိတစ်ဦးက ပြောသည်။ (NEJ 090210)

**NDD-**မှတ်တမ်းတင်နှင့်သုတေသနဌာန

- ရန်ကုန်နှင့်နယ်မြို့အသီးသီးတွင် ကားဈေးတဟုန်ထိုးကျဆင်းနေကာ ဈေးကွက်ပျက်သလောက် ဖြစ်နေခြင်းသည် ရွေးကောက်ပွဲမတိုင်ခင် စစ်အစိုးရမှ အိမ်စီးကားငယ်များ တင်သွင်းခွင့်ပြုနိုင်သည်ဆိုသည့် သတင်းထွက်ပေါ်နေမှုနှင့် ၂၀၀၅ က ဖမ်းဆီးထားသည့် ကားများကို လေလံပစ်နေခြင်းများကြောင့်ဖြစ်ကြောင်း ကားပွဲစားများက ပြောသည်။ (NEJ 090210)
- အိန္ဒိယသမုဒ္ဒရာ အတွင်းရှိ ကပ္ပလီကျွန်းစု ပို့ဘလဲယား ကမ်းရိုးတန်းတွင် မြန်မာရေတပ်က တော်ဝင်ဩစတြေးလျ ရေတပ်နှင့်ပူးတွဲစစ်ရေး လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံ ABC သတင်းဌာနက ဖော်ပြထားသည်။ (Irrawaddy 090210)
- ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ထဆောင်ယန်းမြို့နယ်ရှိ ဒုက္ခသည်စခန်း၌ မကြာသေးခင်ရပိုင်းက ပြန်ပို့ခံလိုက်ရသော ကရင် စစ်ပြေးဒုက္ခသည် ၁၂ ဦး ယနေ့ပြန်လည်ရောက်ရှိလာသည်ဟု ကရင်အမျိုးသမီး အစည်းအရုံး (KWO) ပြောရေးဆို ခွင့်ရှိသူ နော်ဘလူးမင်းနိက်ဇန်က ပြောသည်။ (Irrawaddy 090210)
- ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး အပါအဝင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည့် ၅ နှစ်မြောက် ယနေ့တွင် ၎င်းတို့ကို ပြန်လွှတ်ပေးကာ နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန် SNLD က စစ်အစိုးရကို တောင်းဆိုလိုက်သည်။ (Mizzima/ DVB 090210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင် - CC အတွက် ရွေးချယ်နိုင်ရန် တိုင်းနှစ်တိုင်းနှင့် ပြည်နယ်တစ်ခုမှ လျာထားစာရင်းအား အဖွဲ့ချုပ် ရန်ကုန်ဗဟိုဌာနချုပ်သို့ တင်သွင်းလာပြီးဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ပြောသည်။ (Mizzima 090210)
- စစ်ဖက်ရေးရာလုံခြုံရေး အကြီးအကဲ ဒုဗိုလ်ချုပ်ကြီးရဲမြင့်က နယ်ခြားစောင့်တပ် ကိစ္စအတွက် တွေ့ဆုံလိုသည်ကို ဝပြည်သွင်းစည်းညီညွတ်ရေးပါတီ UWSP ဥက္ကဋ္ဌ ပေါင်ယုချန်းက ဒုတိယအကြိမ် ငြင်းဆိုလိုက်ကြောင်း နီးစပ်သူများ က ပြောသည်။ (Mizzima 090210)
- မကွေးတိုင်း မတ္တီလာမြို့တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ရှောင်တခင်စစ်စစ်ဆေးနေသည့် ယာဉ်ထိန်းရဲများ တားဆီးစစ်ဆေးမှုကို မခံဘဲ ထွက်ပြေးရန် ကြိုးစားသည့် အမျိုးသမီးတစ်ဦး အုတ်နံရံနှင့်တိုက်မိကာ အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ (DVB 090210)
- လွန်ခဲ့သည့်လအစောပိုင်းက နတ်တလင်းနှင့် ဇီးကုန်းကြားတွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကယ်မတော်တဆတိုက်မှုနှင့် ပဲခူးတိုင်း ဇီးကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအေးကို ယနေ့ ထောင်ဒဏ် (၂) နှစ်ချမှတ်လိုက်ကြောင်း သာယာဝတီမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောသည်။ (DVB 090210)
- မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အတွင်း အရန်မီးသတ်သင်တန်းဆိုကာ ကျေးရွာက လူငယ်များကိုခေါ်ယူ၍ စစ်သင်တန်းများပေးနေသကဲ့သို့ ယခုလ ၇ ရက်နေ့က သင်တန်းမှအပြန် ကားမှောက်သဖြင့် တစ်ဦးသေဆုံးကာအများ အပြားဒဏ်ရာရရှိခဲ့သည်။ (DVB 090210)
- အာဏာပိုင်များက ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုံထဲတွင် ရာပေါင်းများစွာသော အထည်ချုပ်အလုပ်သမားများ၏ ယနေ့ တနေကုန်စက်ရုံဝင်းအတွင်း ဆန္ဒပြမှုကို တန်ပြန်ကာ လက်နက်ကိုင် လုံထိန်းတစ်ထောင်ခန့်ကလည်း အပြင်၌ စုရုံးစောင့်ကြည့် အင်အားပြခဲ့သည်။ (DVB 090210)
- အပစ်အခတ်ရပ်စဲရေးလုပ်ထားသည့် (KIA) ကချင်လွတ်လပ်ရေးတပ်မတော်ကို နယ်ခြားစောင့်တပ်ရင်း ၇ ရင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် စစ်အစိုးရက ပြောကြားလိုက်ကြောင်း KNG ကချင်သတင်းဌာနက ဖော်ပြထားသည်။ (RFA 090210)
- မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့က ဆည်းဆာစင်တင်တေးဂီတ စားသောက်ဆိုင်တွင် နယ်မြေခံစစ်တပ်နှင့် စားသောက်ဆိုင် ဂန်ထမ်းများအကြား ယခုလ ၇ ရက်နေ့ညက ပဋိပက္ခဖြစ်ပွားခဲ့မှုကြောင်း ဆိုင်ဂန်ထမ်း (၂) ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ (RFA 090210)
- အောက်တိုဘာလတွင် ကျင်းပမည်ဟု မျှော်လင့်ရသည့် ရွေးကောက်ပွဲမတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာစစ်အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။ (RFA 090210)

- မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားမြို့တွင် ကချင်တက္ကသိုလ်ကျောင်းသားများ မြန်မာစစ်တပ်အရာရှိ နှစ်ဦးအား ရိုက်နှက်မှုဖြစ်ပွားပြီးနောက် ယာယီ ည ၁၀ နာရီနောက်ပိုင်းမထွက်ရ အမိန့်ထုတ်ပြန်လိုက်သည်။ (KNG 090210)
- တနင်္သာရီတိုင်း ရေဖြူမြို့နယ် အလယ်စခန်းကျေးရွာတွင် ပြည်သူ့စစ်ကြေးအဖြစ် တစ်အိမ်ကို ကျပ်ငွေ (၆,၀၀၀) ကျပ်ပေးသွင်းရမည်ဟု ဆိုသည့်အပေါ် မကျေနပ်စောဒကတက်ခဲ့သည့် ရွာသား (၃) ဦးကို ခမရ (၂၈၂) တပ်ရင်းမှ ယခုလ (၄) ရက်နေ့က ဖမ်းဆီးခဲ့ကာ အဆိုပါသုံးဦးထဲမှ တစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု ရွာသားများက ပြောသည်။ (Kaowao 090210)
- သံဖြူဇရပ်မြို့ပေါ်တွင် သံဃာတော်တစ်ပါး ဖမ်းဆီးခံရပြီးနောက် မြို့ပေါ်ရှိ အင်တာနက်ဆိုင်များကို အာဏာပိုင်များမှ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်။ (IMNA 090210)
- လာမည့် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ မလေးရှားနိုင်ငံ၌ အလုပ်လုပ်နေကြသော နိုင်ငံရပ်ခြား အလုပ်သမားများကို ဖမ်းစီးနှင်ထုတ်မည်ဟု မလေးရှားနိုင်ငံထုတ် စတာသတင်းစာတွင် ထုတ်ပြန်ကြေညာထားသဖြင့် မြန်မာအလုပ်သမားများ ထိပ်လန့်နေကြသည်။ (IMNA 090210)
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် မဲကင်ကျေးရွာအုပ်စု လယ်သမားများထံ ဒေသခံစစ်တပ်က စပါးဈေးနှိမ်ဝယ်၍ လက်ရှိပေါက်ဈေးအတိုင်း အတင်းအဓမ္မပြန်ရောင်းချနေသည်ဟု ထိုင်းနယ်စပ်သတင်းရပ်ကွက်က ဆိုသည်။ (S.H.A.N 090210)

ဖေဖော်ဝါရီလ (၁၀)ရက်

- ဒုတိယအကြိမ်မြောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS ညီလာခံတွင် "ဒီမိုကရေစီနည်းနှင့် ဗဟိုအမှုဆောင် ၉ ယောက် ပြန်လည်ရွေးချယ်ရာတွင် (LDU) လားဟူအမျိုးသားခေါင်းဆောင် ဦးဂျဘိုးလုံကဘဲ လျို့ပုက်မဲအများဆုံးနှင့် ဒုတိယအကြိမ်အဖြစ် ဥက္ကဌနေရာပြန်လည်အရွေးခံရသည်" ဟု ညီလာခံတက်ရောက်သူတစ်ဦးက ပြောသည်။ (S.H.A.N 100210)
- သျှမ်းပြည် (မြောက်ပိုင်း) ရွှေလီရေအား လျှပ်စစ်စီမံကိန်း အနီးဂန်းကျင်ရှိ မူစယ်၊ နမ့်ခမ်းဒေသခံများတွင် ယနေ့အထိ တရုတ်ပြည်မှ လျှပ်စစ်မီးကို ဈေးကြီးပေးဝယ်သုံးနေရဆဲ ဖြစ်သည်။ (S.H.A.N 100210)
- အပစ်ရပ်သျှမ်းပြည်တပ်မတော်အား နယ်မြေစောင့်တပ်/ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် အသွင်းပြောင်းရန် နအဖမှဆက်တိုက်ဖိအားပေးနေချိန်တွင် SSA ခေါင်းဆောင်တစ်ဦးက "လက်လက်ချ/တပ်အသွင်ပြောင်းမှုသည် ညံ့ဖျင်းသူတို့၏ လုပ်ရပ်" ဟု တုန့်ပြန်ပြောဆိုခဲ့ကြောင်း နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 100210)
- လက်နက်ကိုင်ဆောင်ကာ ထိုင်းနယ်မြေအတွင်း အမဲလိုက်သည့် ၀ လက်နက်ကိုင်တစ်ဦး ပစ်သတ်ခံရသည်ဟု ထိုင်းနယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 100210)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့ စွမ်စော်ရပ်ကွက်အတွင်းရှိ ရွှေသမင်ကွက်သစ်တိုးချဲ့ အိမ်မြေကွက်များ ရောင်းချခဲ့သော်လည်း ဒေသခံများဝယ်ယူနိုင်ခြင်းမရှိဘဲ ဒေသခံအာဏာပိုင်များနှင့် နီးစပ်သူများသာ သိမ်းကြုံးဝယ်ယူကြကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 100210)
- မြန်မာလူမျိုး အမေရိကန်နိုင်ငံသား ကိုကျော်ဇေလွင် (ခ) ကိုညီညီအောင်အား စွဲချက်တင်ထားသည့်အမှု (၃)မှုအတွက် အင်းစိန်အထူးတရားရုံးမှ ယနေ့ထောင်ဒဏ် (၃)နှစ် ချမှတ်လိုက်သည်။ (NEJ/ Irrawaddy 100210)
- ကာယကံရှင်များ၏ဆန္ဒမပါဘဲ ထိုင်းဘက်မှ မြန်မာဘက်သို့ ပြန်ပို့ခံရသည့် စစ်ပြေးဒုက္ခသည်မိသားစု (၃) စုသည် ယမန်နေ့က ထိုင်းဘက်သို့ ပြန်လာကြရာ နောင်ဘိုးယာယီစစ်ပြေး ဒုက္ခသည်စခန်းအာဏာပိုင်များက ၎င်းတို့ကို လက်မခံတော့သဖြင့် စခန်းပြင်ပတွင် နေထိုင်နေရသည်ဟု ပြန်ပို့ခံရသူတစ်ဦးက ပြောသည်။ (NEJ 100210)

- ❑ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားသည့် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအီ အတ္ထုပ္ပတ္တိစာအုပ်ကို မြန်မာနိုင်ငံ စာပေစိစစ်ရေးအဖွဲ့သာမက ပြုံယန်းအစိုးရကပါ စစ်ဆေးနေကြောင်း စာပေစိစစ်ရေး အဖွဲ့ဝင်တစ်ဦးက ပြောသည်။ (NEJ 100210)
- ❑ ကျေးရွာဆယ်အိမ်မှူးတစ်ဦးနှင့် အချင်းများရာမှ ရဲတပ်ဖွဲ့က ဖမ်းဆီးရိုက်နှက်သည့် ဒဏ်ရာဖြင့် ဒေသခံလူငယ်တစ်ဦး မော်လမြိုင်ဆေးရုံကြီးတွင် သေဆုံးသွားကြောင်း သေဆုံးသူ၏ မိခင်ဖြစ်သူက ပြောကြားလိုက်သည်။ (NEJ 100210)
- ❑ အိမ်ပြင်ဆင်ရေးအတွက် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းခံရသူ ဦးထင်ကျော်နှင့် ဦးဉာဏ်ဝင်းတို့သည် ယမန်နေ့က နေ့လယ် ၁ နာရီမှ ၃ နာရီအထိ ၂ နာရီကျော်ကြာသွားရောက် တွေ့ဆုံရာ၌ ဒေါ်အောင်ဆန်းစုကြည်က "၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုအချိန်တွင် ဆုံးဖြတ်ချက် မချမှတ်နိုင်သေး"ဟု ပြောကြားကြောင်း ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy/ NEJ/ Mizzima 100210)
- ❑ လစာတိုးမြှင့်ပေးရန် ဆန္ဒပြနေသည့် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ အလုပ်သမားများသည် လစာကျပ် ၅၀၀၀ (၅ ဒေါ်လာ) တိုးပေးမည်ဟူသော အလုပ်ရှင်၏ သဘောတူညီမှုဖြင့် ဆန္ဒပြမှုကို ယနေ့ ရပ်ဆိုင်းလိုက်သည်။ (Irrawaddy 100210)
- ❑ စစ်အစိုးရ၏ နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကပိုင် လွှဲပြောင်းရေး အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ရုပ်ရှင်ရုံ လုပ်ငန်းများလည်း ပါဝင်သည်။ (Irrawaddy 100210)
- ❑ မြန်မာနိုင်ငံ၏ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ကိုကျော်၍ ချစ်သူများနေ့ (Valentines's Day) ကိုသာ ပြည်တွင်းပြည်ပရှိ မြန်မာလူငယ်များက စိတ်ဝင်တစား စောင့်မျှော်နေကြသည်။ (Irrawaddy 100210)
- ❑ အာဆီယံ နိုင်ငံများအကြား အကောက်အခွန်ကင်းလွတ်ခွင့် (AFTA) သဘောတူညီချက် အသက်ဝင်ပြီဖြစ်သော်လည်း ထိုင်းနိုင်ငံက မြန်မာပို့ကုန်များအပေါ် အခွက်ဆက်ကောက်နေသေးကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောသည်။ (Mizzima 100210)
- ❑ မေခ-မလိခ မြစ်ဆုံရေကာတာ စီမံကိန်းအတွက် အနီးဝန်းကျင်ရှိ ကျေးရွာ (၆၀) ခန့်ပြောင်းရွှေ့ရန် အာဏာပိုင်များက ပြင်ဆင်နေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကချင်ဖွံ့ဖြိုးတိုးရေးကွန်ယက် KDNG ဥက္ကဌ ကိုအောင်ဂါက ပြောသည်။ (Mizzima 100210)
- ❑ လုပ်ခကြေးငွေ တိုးမြှင့်တောင်းဆိုသည့် ထိုင်သပိတ်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် ဆန္ဒခြင်းထပ်၍ ကူးစက်လာမည် ကိုစိုးရိမ်နေသည့် စက်ရုံအချို့က ပိတ်ရက်အဖြစ် သတ်မှတ်လိုက်ကြောင်း စက်မှုဇုန်အရာရှိတစ်ဦးက ပြောသည်။ (Mizzima 100210)
- ❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဦးစိန်လှိုင်နှင့် မချို (ခေါ်) ဒေါ်မြင့်မြင့်စိုးတို့အား အင်းစိန်ထောင်မှ ကချင်ပြည်နယ် မြစ်ကြီးနားထောင်နှင့် စစ်ကိုင်းတိုင်း ကသာထောင်တို့သို့ ပြောင်းရွှေ့လိုက်ကြောင်း မိသားစုဝင်များကပြောသည်။ (Mizzima 100210)
- ❑ နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများ မလွတ်ပေးဘဲ ရွေးကောက်ပွဲကို ပြုလုပ်မည့် မြန်မာစစ်အစိုးရကို ဖိအားပေးရန် ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာအမျိုးသမီးအဖွဲ့များက ဗြိတိန်အစိုးရကို တောင်းဆိုလိုက်သည်။ (DVB 100210)
- ❑ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် နဘဲပင်းကျေးရွာမှ ဦးအောင်ကိုဦးနှင့် ဒေါ်မြင့်မြင့်ရီတို့၏သား အသက် ၁၇ နှစ်အရွယ် မောင်သူဇင်ဦးသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီ အမှတ် (၅) စစ်အခြေခံလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်ရောက်နေရသည်ဟု မိသားစုက ပြောသည်။ (RFA/ Yoma3 100210)
- ❑ ကချင်အပစ်ရပ်အဖွဲ့များ၏ ကျောထောက်နောက်ခံနှင့်တည်ထောင်ထားသည့် ကချင်ပြည်တိုးတက်ရေးပါတီ (KSPP) က မြစ်ကြီးနားမြို့တွင် အမျိုးသမီးနှင့် ကျောင်းသားများကို ဖိတ်ကြားကာ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ပါတီလုပ်ငန်းများအတွက် ဆွေးနွေးခဲ့ကြောင်း ကချင်သတင်းဌာန KNG က ဖော်ပြထားသည်။ (RFA 100210)
- ❑ ရခိုင်ပြည်နယ်၏ ဒုတိယအကြီးဆုံး မြို့တော်ကျောက်ဖြူတွင် တဖြည်းဖြည်းတွင်ကျယ်လာနေသည့် ပြည့်တန်ဆာလုပ်ငန်းများ၌ ဒေသခံအာဏာပိုင်များ ပါဝင်ပတ်သက်နေသည်ဟု ဒေသခံများက ပြောသည်။ (Narinjara 100210)

- စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှိ ဆရာတော်ဦးဥတ္တမ ရုပ်ထုကို ဖြိုဖျက်ရန် စစ်တပ်မှကားများရောက်ရှိနေကြောင်း သတင်းများဖြစ်ပေါ်ပြီးနောက် မြို့ခံများကအပြေးအလွှား သွားရောက်ကြည့်ရှုခဲ့ကြသည်ဟု အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောသည်။ (Narinjara 100210)
- မြန်မာနိုင်ငံ အနောက်ဖက်နယ်စပ် တလျှောက်တွင် ကာရံနေသော သံဆူးကြိုးစီမံကိန်းလုပ်ငန်းခွင်မှ နေ့စားအလုပ်သမားများ ထွက်ပြေးမှု တိုးပွားလာနေသည်ဟု အမည်မဖော်လိုသည့် ထွက်ပြေးခဲ့သူတစ်ဦးက ပြောသည်။ (Narinjara 100210)

ဖေဖော်ဝါရီလ (၁၁)ရက်

- ကရင်နီပြည် ရှားတောမြို့နယ် ဒေါကလာလဲကျေးရွာအား စစ်အစိုးရတပ်မှ သူပုန်ထောက်ခံမှုဟု စွပ်စွဲကာ ရွာသူကြီးအပါအဝင် အိမ်ထောင်စုခုနစ်စု၏ မှတ်ပုံတင်များနှင့် အိမ်ထောင်စုစာရင်းများအား သိမ်းဆီးလိုက်သည်။ (Kantarawaddy Times 110210)
- မော်လမြိုင်မြို့ မြိုင်သာယာမြို့သစ်အဝင်မှ ပန်းခြံ ဧရိယာ (၂) ခုကို အာဏာပိုင်များက စီးပွားရေးသမား (၂) ဦးအား ရောင်းလိုက်သည့်အတွက် မြို့ခံများက စိတ်ဆိုးဒေါသထွက်နေကြသည်။ (NEJ 110210)
- ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နှင့် (၇) မိုင်ခန့်အကွာ ပျော်ဘွယ်ကြီးကျေးရွာတွင် ဒေသခံရွာသားများအား ယခင်ဒလမြို့စောင့်တပ်ဖြစ်သည့် ခမရ (၅၃၃) က အခြေခံလက်နက်ငယ် သင်တန်းများ ပေးနေကြောင်း ဒေသခံများက ပြောသည်။ (NEJ 110210)
- တရုတ်-မြန်မာနယ်စပ် လိုင်ဇာမှတဆင့် တရုတ်နိုင်ငံအတွင်းသို့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ တရားမဝင်ဆန်တင်သွင်းမှုများကို စစ်တပ်ဂိတ်က ဆန်ကားတစ်စီးလျှင် ကျပ်ငွေ (၅) သောင်းမှ (၁) သိန်းအထိ ကောက်ခံနေကြောင်း ဒေသခံကားသမားတစ်ဦးက ပြောသည်။ (NEJ 110210)
- နာဂစ်မုန်တိုင်းသင့်ဒေသဖြစ်သော ဧရာဝတီတိုင်းတွင် ပြန်လည်ထူရေးလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း လေဘေးသင့်ဒုက္ခသည်အများစုသည် ရွက်ဖျင်တဲများဖြင့်သာ နေထိုင်ရဆဲဖြစ်ကြောင်း ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၌ အကူအညီပေးရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦးက ပြောသည်။ (NEJ 110210)
- ချင်းတွင်းမြစ်ဖျားပိုင်းတွင် ရွှေလုပ်ကွက် (၃၀) ကျော်က ပြဒါးအသုံးပြု ရွှေရှာနေခြင်းကြောင့် ယင်းပြဒါးများ မြစ်ရေအတွင်း မည်မျှပျံ့နှံ့နေသည်ကို စစ်ဆေးနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။ (NEJ 110210)
- မြန်မာစစ်တပ်မှ နယ်မြေစိုးမိုးရေးအတွက် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများမှ အိမ်ခြေ (၇၀) ကျော်ကို မီးရှို့ဖျက်ဆီးလိုက်သည့်အတွက် ရွာသားများတောထဲတွင် ထွက်ပြေးတိမ်းရှောင်နေရသည်ဟု KNU က ပြောသည်။ (NEJ 110210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ တိုင်းနှင့်ပြည်နယ် အဆင့်ဗဟိုကော်မတီ ကိုယ်စားလှယ်ရွေးချယ်မှုများတွင် သဘောထားကွဲလွဲမှုတချို့ ဖြစ်ပေါ်နေကြောင်း တောင်ငူမြို့နယ် စည်းရုံးရေးအဖွဲ့ဝင် ဦးအောင်စိုးမြင့်က ပြောသည်။ (Irrawaddy 110210)
- ကချင်ပြည်နယ် မြစ်ဆုံရေလှောင်တမံ ဆောက်လုပ်ပါက ရေလွှမ်းမိုးမှုခံရမည့် နေရာများတွင် ရွှေတူးနေမှုကို လွန်ခဲ့သည့် အပတ်တွင် ဒေသဆိုင်ရာ အာဏာပိုင်များက ပိတ်ပင်လိုက်သည်။ (Irrawaddy 110210)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တောတောင်များတွင် ယခုလဆန်းမှစတင်၍ စစ်တွေအခြေစိုက် ခြေမြန်တပ်ရင်း ခမရ ၅၃၄ က ဆင်ဖြူများလိုက်လံရှာဖွေနေကြောင်း ဒေသခံများက ပြောသည်။ (Mizzima 110210)
- နအဖစစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တိုင်းရင်းသား အဖွဲ့အစည်းအချို့နှင့် နိုင်ငံရေးသမားများအချို့ အင်အားတိုးချဲ့ခြင်း၊ စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်ပြင်ဆင်နေကြသည်။ (Mizzima 110210)

- မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ကျေးရွာတွင် ယခုလ ၉ ရက်နေ့က ရွာထက်ဂက်ကျော် မီးလောင်ခဲ့သဖြင့် လူ ၁၅ဂ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း ဒေသခံများက ပြောသည်။ (Mizzima 110210)
- မြန်မာနိုင်ငံတွင် အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် အခွင့်အရေးအတွက် အကာအကွယ်ပေး တောင်းဆိုပေးနိုင်မည့် သမဂ္ဂများ လိုအပ်နေကြောင်း ပြည်ပရှိ မြန်မာအလုပ်သမားအဖွဲ့များက ပြောသည်။ (Mizzima 110210)
- အမြောက်တပ်မှ စစ်သားများ အုပ်စုလိုက် ရိုက်နှက်သဖြင့် ဒဏ်ရာရရှိသူ မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့မှ စားပွဲထိုးဂန်းထမ်း ၂ ဦးသည် အရေးပေါ်လူနာအဖြစ် ဆေးကုသမှုခံယူနေရသည်။ (Mizzima 110210)
- မြန်မာစစ်အစိုးရက အမေရိကန်နိုင်ငံသား ကိုညီညီအောင်ကို ထောင်ဒဏ်ချမှတ်လိုက်သဖြင့် အထူးစိုးရိမ်မိကြောင်းနှင့် အမြန်ဆုံးပြန်လွှတ်ပေးရန် အမေရိကန်အစိုးရက သတင်းထုတ်ပြန်တောင်းဆိုလိုက်သည်။ (DVB 110210)
- ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အရွယ်မရောက်သေးသူ လူငယ်များကို ပြည်သူ့စစ်အဖြစ် အတင်းထည့်သွင်းနေကြောင်း ကုလားပုန်းရွှားသားတစ်ဦးက ပြောသည်။ (Narinjara 110210)
- နအဖစစ်အစိုးရမှ ရခိုင်ပြည်နယ်တွင် မြို့နယ် ၃ မြို့နယ် တိုးချဲ့လိုက်ပြီးဟု နယ်စပ်ကုန်သည်တစ်ဦးက ပြောသည်။ (Narinjara 110210)
- နှစ်ဆန်းတစ်ရက်နေ့မှစ၍ မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေအတွင်း မိုင်းယန်း နအဖ-လဂက ဂန်းထမ်းများမှ နိုင်ငံသားစိစစ်ရေးကဒ်ပြားများအတွက် ကွင်းဆင်းလုပ်ပေးနေသည်ဟု နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 110210)

## ဖေဖော်ဂါရီလ (၁၂)ရက်

- လှိုင်သာယာ စက်မှုဇုန် (၄) နယ်မြေအတွင်း စက်ရုံအလုပ်ရုံမရှိသည့် မြေကွက်ကျယ်များတွင် ကျူးကျော်တဲထိုးကာနေထိုင်သူများထံမှ ရေဥက္ကံရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက) က တအိမ်ထောင်လျှင် ကျပ် (၅,ဂဂဂ) လစဉ်ကောက်ခံနေကြောင်း ရေဥက္ကံဒေသခံများက ပြောသည်။ (NEJ 120210)
- A (H1N1) တုပ်ကွေးကြောင့် ၂ဂ၁ဂ ပြည့်နှစ်၊ ဖေဖော်ဂါရီ (၂၇) ရက်တွင် နေပြည်တော်၊ ဥပ္ပါတသန္တိ စေတီတော်ကြီးတွင် ကျင်းပမည့်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း နေပြည်တော်သာသနာရေးဂန်ကြီးဌာနမှ ဆိုသည်။ (NEJ 120210)
- ယခုလ (၂၇) ရက်က ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းလားမြို့တွင် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည့် ရှမ်းပြည်အရှေ့ပိုင်း၊ အထူးဒေသ (၄)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်ကို လုပ်ကြံသတ်ဖြတ်သူအား သတင်းပေးနိုင်လျှင် တရုတ်ငွေ သိန်း (၂ဂ)၊ မြန်မာငွေအားဖြင့် ကျပ်သိန်း (၃ဂဂ) ခန့် ဆုတော်ငွေပေးရန် သတင်းထုတ်ပြန်ကြေညာထားသည်။ (NEJ 120210)
- နာရေးဆိုင် အယူသီးမှုများမှတဆင့် နာရေးကိစ္စများတွင် နှောင့်ယှက်မှုများအထိ တွေ့ကြုံနေရသဖြင့် ယင်းကိစ္စများကို ပိုင်းဂန်းဖြေရှင်းကြရန် နာရေးကူညီမှုအသင်း (ရန်ကုန်) ကို ဦးစီးဆောင်ရွက်နေသူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကျော်သူက ရှင်းတမ်းတစ်စောင် ထုတ်ပြန်ပန်ကြားလိုက်သည်။ (NEJ/ Irrawaddy 120210)
- ဖေဖော်ဂါရီလ ၁၁ ရက်နေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ၌ တိုင်းနှင့်ပြည်နယ် (၁၄) ခု အပါအဂင် နေပြည်တော်ပြကွက်ကိုပါ ဖြည့်စွက်၍ပြသထားခြင်းကြောင့် မြန်မာနိုင်ငံ၌ တိုင်းနှင့်ပြည်နယ် (၁၅) ခု ရှိသကဲ့သို့ဖြစ်နေကြောင်း၊ သမိုင်းအမှန်ကိုဖျောက်ဖျက်နေသကဲ့သို့ဖြစ်နေကြောင်း ပြည်သူလူထုမှ ဂေဖန်နေကြသည်။ (NEJ 120210)
- မြန်မာစစ်အစိုးရထံ စစ်လက်နက်ပစ္စည်းများ မရောင်းချရန်နှင့် လူ့အခွင့်အရေး တိုးတက်ကောင်းမွန်လာစေရေးအတွက် အင်အားကြီးနိုင်ငံများအနေဖြင့် စစ်အစိုးရအား ဖိအားပေးသွားရန် ဥရောပပါလီမန်အမတ်များက တရုတ်၊ ရုရှနှင့် အိန္ဒိယနိုင်ငံတို့အား တောင်းဆိုလိုက်သည်။ (NEJ 120210)

- ကချင်ပြည်နယ် ဖန်းမော်ခရိုင်အတွင်းရှိ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ တပ်မဟာ (၃) နယ်မြေအနီးတွင် မိုးမိတ်စစ်ဗျူဟာ လက်အောက်ခံတပ်များက စစ်ကြောင်းသွားလာလှုပ်ရှားနေသဖြင့် KIO တပ်ဖွဲ့ဝင်များလည်း စစ်ရေးသတိဖြင့် ပြင်ဆင်မှုများ ပြုလုပ်ထားသည်။ (NEJ 120210)
- မြန်မာနိုင်ငံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့်ပင်လုံစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးမှုမရှိသေးသဖြင့် တောင်တန်းနှင့်ပြည်မချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်နှင့်အညီ ဖြစ်ပေါ်စေရေးအတွက် ပြန်လည်ဆန်းစစ်ရန် အချိန်ရောက်ပြီဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားတွင် ပြောကြားလိုက်သည်။ (NEJ 120210)
- မြန်မာနိုင်ငံသို့ မကြာမီရောက်ရှိလာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနား၏ ခရီးစဉ်အတွက် နအဖစစ်အစိုးရမှ ပြင်ဆင်မှုများ ပြုလုပ်နေသည်။ (NEJ 120210)
- ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် ၆၃ နှစ်ကြာခဲ့ပြီးဖြစ်သော်လည်း တိုင်းရင်းသားများအတွက် အမှန်တကယ်ပြည်ထောင်စု၏ အနှစ်သာရကို ရရှိခံစားခဲ့ဖူးခြင်း မရှိသေးကြောင်း တိုင်းရင်းသားခေါင်းဆောင်များက ပြောကြသည်။ (Irrawaddy 120210)
- ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်ကို Myanmar International ရုပ်သံလိုင်း အမည်သစ်ဖြင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်နေသည်။ (Irrawaddy 120210)
- နအဖစစ်အစိုးရက ထိန်းသိမ်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးရန် အမေရိကန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch-HRW) က တောင်းဆိုလိုက်သည်။ (Irrawaddy 120210)
- ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သဃ်န်းကျွန်းဈေးကြီး ယနေ့ညနေပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်ဗဟိုမီးသတ်ဌာနနှင့် ဒေသခံများက ပြောသည်။ (Mizzima 120210)
- "စစ်မှန်သည့် ပြည်ထောင်စုဆိုတာ ဘာလဲ" ဆိုသည့် ခေါင်းစဉ်ဖြင့် ယနေ့ကျရောက်သည့် ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့တွင် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ တက္ကသိုလ်ကျောင်းသားများက ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ (Mizzima 120210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့များတွင် ယနေ့ကျရောက်သည့် ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြောင်း ပါတီအဖွဲ့ဝင်များက ပြောသည်။ (Mizzima 120210)
- ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်ရှိ ကရင်ကျေးရွာ (၂) ရွာမှ အိမ်ခြေ ၇၀ ခန့်ကို လွန်ခဲ့သည့်ရက်ပိုင်းအတွင်း စစ်အစိုးရတပ်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ရွာသားတစ်ထောင်ကျော် ထွက်ပြေးနေရကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU က ပြောသည်။ (Mizzima 120210)
- ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ နယ်ခြားစောင့်တပ်/ဒေသစောင့်တပ် အသွင်ပြောင်းရန် လူသူလက်နက်စာရင်းပေးပို့ရမည်ဆိုသည့် နအဖပေးသည့်ဒဏ်လိုင်းကို ဗီဆန်ကာ 'အသက်ရှင်နေသရွေ့ သမိုင်းဝင်တပ်နာမည်ပြောင်းတာ အဖြစ်မခံနိုင်ဘူး' ဟု အပစ်ရပ် SSA တပ်မှူးတစ်ဦးက ပြောသည်။ (S.H.A.N 120210)
- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ပန်ဆန်းဌာနချုပ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု တားမြစ်နှိမ်နင်းရေးအတွက် ဝအာဏာပိုင်များက လူနေအိမ်များအား အထူးတင်းကြပ်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း တရုတ်နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 120210)
- ဇန်နဝါရီလဆန်းပိုင်း၌ တြိဂံတိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံမှ - မိုင်းခတ်၊ မိုင်းယန်းသို့ စိတ်ဓာတ်စစ်ဆင်ရေးနယ်လှည့်ခရီးစဉ်တွင် ဝ နှင့် မိုင်းလားအဖွဲ့အား မျက်ခြေမပြတ်စောင့်ကြည့်ထားရန် ဒေသခံစစ်တပ်များအား မှာကြားခဲ့သည်ဟု စစ်တပ်အသိုင်းအဝိုင်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 120210)

- မြန်မာနိုင်ငံအမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဖမ်းဆီးထားသည့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးစုများ မဟာမိတ်အဖွဲ့ UNA က ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့တွင် တောင်းတိုလိုက်သည်။ (RFA 120210)
- ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်အတွင်း အထည်ချုပ်စက်ရုံ အလုပ်သမားများ ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်သကဲ့သို့ ယမန်နေ့၌လည်း လှိုင်သာယာစက်မှုဇုန် (၂) မြန်မာဆန်နီဖိနပ်စက်ရုံမှ အလုပ်သမား တစ်ထောင်ကျော် လစာတိုးမြှင့်ပေးရေးအပါအဝင် အလုပ်သမားအခွင့်အရေးများအတွက် ဆန္ဒပြခဲ့ကြသည်။ (RFA 120210)
- ကျန်းမာရေးမကောင်းသဖြင့် အင်းစိန်ထောင်ဆေးရုံတွင် ဆေးဝါးကုသမှုခံယနေသည့် လှိုင်သာယာမြို့နယ် NLD အဖွဲ့ဝင် ဦးတင်ယုကို လွန်ခဲ့သည့်ရက်အနည်းငယ်က စစ်ကိုင်းတိုင်း ခန္တီးထောင်ကို ပြောင်းရွှေ့လိုက်သည်။ (RFA 120210)
- နအဖစစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်း ဥရောပပါလီမန်က ယမန်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 120210)
- ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်နှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖကို ထပ်မံတောင်းဆိုလိုက်သည်။ (DVB 120210)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း နစက တပ်ဖွဲ့တစ်ဖွဲ့၏ ပစ်ခတ်ဖမ်းဆီးခြင်းကို ခံရသူ ရခိုင်အမျိုးသား (၂) ဦးကို နှစ်လကျော်ကြာပြီဖြစ်သော်လည်း ရဲလက်သို့လွှဲပြောင်းပေးအပ်ခြင်းမရှိဘဲ နစကမှ ထိန်းသိမ်းထားသည်ဟု အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ (Narinjara 120210)
- (၁၂) နှစ်မြောက် ဖြစ်သော ဗိုလ်ရာဇာကျဆုံးသည့်နေ့ အခမ်းအနားတစ်ရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ရခိုင်အမျိုးသားများက ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ (Narinjara 120210)

## ဖေဖော်ဝါရီလ (၁၃)ရက်

- ယမန်နေ့ည (၇) နာရီကျော်ခန့်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမပေါ်တွင်ရှိသော သင်္ဃန်းကျွန်းဈေးဟောင်းကြီး မီးလောင်သဖြင့် (၈၉) ရာခိုင်နှုန်းခန့် ဈေးကြီးမီးလောင်ပျက်စီးသွားကြောင်း သင်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနက ပြောသည်။ (NEJ/ Irrawaddy/ Mizzima 130210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဌ ဦးတင်ဦးသည် ယနေ့ည (၈) နာရီခွဲကျော်တွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီဖြစ်ကြောင်း ပါတီခေါင်းဆောင်များက ပြောသည်။ (NEJ/ Irrawaddy/ Mizzima 130210)
- (၆) နှစ်ကြာ နေအိမ်အကျယ်ချုပ်ကျခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဌ ဦးတင်ဦးသည် ယခုလ ၁၃ ရက်နေ့ညနေ (၈) နာရီကျော်ခန့်တွင် လွတ်မြောက်အပြီး အမေရိကန် သမ္မတ ဘားရက်အိုအားမားအစိုးရ၏ မြန်မာနိုင်ငံအပေါ် ထားရှိသောမူဝါဒကို ထောက်ခံကြောင်း ပြောကြားလိုက်သည်။ (Mizzima 130210)
- ရန်ကုန်မြို့ နာရေးကူညီမှုအသင်းမှ သုခအလင်းအမည်ရှိ စာကြည့်တိုက်ကို ယနေ့ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ အသင်းရုံးအပေါ်ထပ်တွင် ဖွင့်လှစ်ခဲ့သည်။ (Mizzima 130210)
- ပုဒ်မ ၃ ခုဖြင့် ထောင်ဒဏ် (၃)နှစ်ချမှတ်ခံရသူ ကိုညီညီအောင် (ခ) ကိုကျော်ဇောလွင်ကို အင်းစိန်ထောင်မှ ပဲခူးထောင်သို့ ယခုလ ၁၁ ရက်နေ့တွင် ပြောင်းရွှေ့လိုက်ကြောင်း အဒေါ်ဖြစ်သူ ဒေါ်စုစုကြည်က ပြောသည်။ (Mizzima 130210)
- မြန်မာ့ခရီးသွား လုပ်ငန်းရှင်များအသင်းက ခရီးသွားလုပ်ငန်း မြှင့်တင်သည့်အနေဖြင့် Miss Tourism 2010 လှယဉ်ကျေးမယ်ပြိုင်ပွဲကို ယမန်နေ့ညက ရန်ကုန်အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ (Mizzima 130210)

- နိုင်ငံတကာအလုပ်သမား သမဂ္ဂအဖွဲ့ချုပ် ITUC က မကြာသေးခင်က ရန်ကုန်တိုင်း လှိုင်သာယာတွင် ဖြစ်ပွားခဲ့သည့် အလုပ်သမားများ၏ ဆန္ဒပြမှုကို တခဲနက် ထောက်ခံလိုက်သည်။ (Mizzima 130210)
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့တွင် အရွယ်မရောက်သေးသည့် မိန်းကလေး ၄ ဦး မကြာသေးခင်က အဓမ္မ ပြုကျင့်ခံခဲ့ရကြောင်း ဒေသခံများက ပြောသည်။ (Mizzima 130210)
- စစ်မှန်သည့် ပြည်ထောင်စုစနစ် မြန်မာနိုင်ငံတွင် မရှိကြောင်း ယနေ့ကျရောက်သည့် ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အိန္ဒိယနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများက ပြောသည်။ (Mizzima 130210)
- အိန္ဒိယနိုင်ငံရောက် မြန်မာဒုက္ခသည်များ၏ ကလေးငယ်များအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ၉၅ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် ကလေးများနေ့ ကလေးကဗျာနှင့် သီချင်းပြိုင်ပွဲကို နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ (Irrrawaddy 130210)
- ယနေ့ကျရောက်သည့် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၉၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားမြို့နယ်အချို့တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ (DVB 130210)
- ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်ဖြစ်သည့် အပတ်စဉ်ထုတ် ဘိုင်ဂကလီးစာစောင်ထဲက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ရည်ညွှန်းကာ ဖွဲ့ဆိုထားသည့် ကဗျာတစ်ပုဒ်ကို နစ်သက်သူများက မိတ္တူကူး၍ မန္တလေးမြို့တွင် အတော်လေး ပျံ့နှံနေသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ (RFA 130210)
- စစ်ဘက်ဆိုင်ရာ အရေးကြီးသော စာရွက်စာတမ်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာဘက်သို့ ခိုးထုတ်သည်ဟု ဆိုကာ မြန်မာနိုင်ငံသား ၈ ဦးကို စက်လှေတစ်စီးနှင့်အတူ ဘင်္ဂလားဒေ့ရှ်ရေတပ်မှ ယမန်နေ့က ဖမ်းဆီးလိုက်သည်။ (Narinjara/ RFA 130210)
- ALA ခေါ် ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော်နှင့် နအဖ စစ်တပ်တို့အကြား ဖေဖော်ဝါရီ ၁၁ ရက်နေ့က ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ စစ်တပ်မှ တဦးကျဆုံးပြီး နှစ်ဦး ဒဏ်ရာ ရရှိသွားသည်။ (Narinjara 130210)
- ရခိုင်ပြည်နယ် မောင်တောမြို့တွင် ယခုလ ၁၁ ရက်နေ့မှ စတင်၍ ကြွပ်ကြွပ်အိတ် မသုံးစွဲရဟု အာဏာပိုင်များမှ အမိန့်ထုတ်ပြန် ထားကြောင်း မောင်တောမြို့မှ ရယက ဥက္ကဋ္ဌ တဦးကပြောသည်။ (Narinajra 130210)
- ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် (ပြည်ပ) နာယက ဦးခိုင်အောင်ဝင်းသည် ယခုလ ၇ ရက်နေ့က ဂျပန်နိုင်ငံရှိ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် (ပြည်ပ) အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့သည်။ (Narinjara 130210)

## ဖေဖော်ဝါရီလ (၁၄)ရက်

- ဖေဖော်ဝါရီ ၁၃ ရက်နေ့ည (၆) နာရီကျော်ခန့်တွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက လွှန်ခဲ့သည့် ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့ ဒီပဲယင်းဖြစ်ရပ်သည် နိုင်ငံရေး လုပ်ကြံမှုဖြစ်ကြောင်း ပြောကြားလိုက်သည်။ (NEJ 140210)
- ပါလီမန်ခေတ် မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ၁၅ နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနားကို ဦးနု၏ သမီးဖြစ်သူ မစန်းစန်းနုနှင့် တပည့်များက ဗဟန်းမြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့သည်။ (Mizzima 140210)
- အကျယ်ချုပ်သက်တမ်း (၆) နှစ်ပြည့်၍ ဖေဖော်ဝါရီ ၁၃ ရက်နေ့ည (၈) နာရီကျော်ခန့်တွင် ပြန်လွတ်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဒု-ဥက္ကဋ္ဌ ဦးတင်ဦးသည် သက်ကြီးရွယ်အို အဖွဲ့ချုပ်ခေါင်းဆောင်များကို ယနေ့ သွားရောက်ဂါရဝပြုခဲ့သည်။ (Mizzima 140210)

- နေအိမ်အကျယ်ချုပ်ရက်စေ့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးကို နအဖစစ်အစိုးရက ပြန်လွှတ်ပေးလိုက်သည့်အပေါ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုကြောင်းနှင့် ယခုဖြစ်ရပ်ထက်ပို၍ ယုံကြည်ရသည့်ဘက်ပေါင်းစုံပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ပေါ်လာရန် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။ (VOA 140210)
- ကရင်အမျိုးသားအစည်းအရုံး KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း ကျဆုံးခြင်း ၂ နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ (Yoma3 140210)
- ယနေ့ကျရောက်သည့် ချစ်သူများနေ့သည် အာဏာရှင်၏ သတ်ဖြတ်မှုမှ ပေါ်ပေါက်လာသည့် အထိမ်းအမှတ်နေ့ဖြစ်ကြောင်း ရေးသားဖော်ပြသည့် လက်ကမ်းစာစောင်များကို သဲတစ်ပွင့်နှင့် သူငယ်ချင်းများဟုခေါ်သည့် လူငယ်များက ရန်ကုန်မြို့တွင် ဖြန့်ဝေခဲ့ကြသည်။ (DVB 140210)

<u>ဖေဖော်ဝါရီလ (၁၅)ရက်</u>

- မြန်မာနိုင်ငံကို ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ၎င်း၏ပထမနေ့ခရီးစဉ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများနှင့်တွေ့ဆုံကာ ကင်တားနားက ဒေါ်အောင်ဆန်းစုကြည်အမှုသည် နိုင်ငံတကာနှင့်ဆန့်ကျင်နေသည်ဟု ပြောကြောင်း ရှေ့နေဦးဦးဉာဏ်ဝင်းက ပြောသည်။ (NEJ / Irrawaddy 150210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယနေ့ပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် ပါတီဒု-ဥက္ကဌ ဦးတင်ဦးတက်ရောက်ကာ အစည်းအဝေးသဘာပတိအဖြစ် စတင်ဆောင်ရွက်သည်ဟု ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်က ပြောသည်။ (NEJ/ Irrawaddy 150210)
- ရန်ကုန်မြို့ သင်္ကန်းကျွန်းဈေးကြီး မီးလောင်ခဲ့ကာ ကျန်ရှိသည့်ပစ္စည်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဂန်ထမ်းများ ဝင်ရောက်ယူငင်ခဲ့ကြသည်ဟု ဈေးသည်များက ပြောသည်။ (NEJ 150210)
- ရန်ကုန်မြို့၌ တည်ဆောက်မည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကျောက်မီးသွေးအသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဦးတေဇပိုင် ထူးကုမ္ပဏီအုပ်စုက တရုတ်ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ခွင့် ရရှိသွားသည်။ (NEJ 150210)
- နေအိမ်အကျယ်ချုပ် သက်တမ်းစေ့၍ လွတ်မြောက်လာသော NLD ဒု-ဥက္ကဌ ဦးတင်ဦးသည် ယမန်နေ့ ဖေဖော်ဝါရီ ၁၄ ရက် နံနက် (၁၀) နာရီခန့်တွင် ရွှေတိဂုံဘုရားသို့ တက်ရောက်ဖူးမြော်ကာ ဂတ်ပြုဆုတောင်းခဲ့သည်။ (NEJ 150210)
- မိုးကုတ်မြို့လယ်ရှိ လူနေရပ်ကွက်များကို ဖယ်ရှား၍ စစ်အစိုးရနှင့်နီးစပ်သည့် ကုမ္ပဏီများက ကျောက်မျက်တူးဖော်သည့် စီမံကိန်းစတင်နေသဖြင့် မြို့ခံများ အထိန့်တလန့် ဖြစ်နေကြသည်။ (Irrawaddy 150210)
- ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် နိုင်ငံကျော် ဓမ္မကထိက ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လတရားဓမ္မဟောကြားသွားခဲ့သော ပထမနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် မြန်မာတရားနာ ပရိသတ် ၁ သောင်းကျော်လာရောက်နားကြားခဲ့သည်။ (Irrawaddy 150210)
- ကရင်ပြည်နယ်မှ မြိုင်ကြီးငူဆရာတော် ဦးသုဇနသည် ကျန်းမာရေးဆိုးရွားနေသဖြင့် ယခုလ ၉ ရက်နေ့မှစ၍ ဘန်ကောက်မြို့ Bumrungrad ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။ (Irrawaddy 150210)
- ထိုင်း-မြန်မာနယ်စပ် တာ့ခ်ရိုင် ဖုတ်ဖရုမြို့နယ်အနီး တောထဲတွင် ပစ်သတ်ခံခဲ့ရသော မြန်မာရွှေ့ပြောင်း အလုပ်သမား ၉ ဦးထဲမှ ၈ ဦး၏အလောင်းများကို မဲဆောက်မြို့တွင် ယခုလ ၁၃ ရက်နေ့က မီးသင်္ဂြိုဟ်ခဲ့သည်။ (Irrawaddy 150210)
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ်ကွင်တားနား၏ ရခိုင်ပြည်နယ်ခရီးစဉ်အပေါ် အတိုက်အခံများက ကြိုဆိုလိုက်သော်လည်း အခြားသော ဒေသများကိုပါ သွားရောက်သင့်သည်ဟု ဆိုသည်။

(Mizzima 150210)

- ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသဖြင့် မန္တလေးတိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MDCCI က အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးကင်းရှင်းရမည်ဆိုသည့် စည်းကမ်းချက်ကို ဖျက်သိမ်းလိုက်ကာ နိုင်ငံရေးလုပ်ရန် ပြင်ဆင်နေသည်။ (Mizzima 150210)
- ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသည့် ဒေါ်နော်အုန်းလှ အပါအဝင် အမျိုးသမီး ၄ ဦးကို အင်းစိန်ထောင် ခရိုင်တရားရုံးက အသင်းအဖွဲ့ပုဒ်မ ၅၀၅ (ခ)ဖြင့် ထောင်ဒဏ် (၂) နှစ်စီချမှတ်လိုက်သည်။ (Mizzima 150210)
- မကွေးတိုင်း သရက်ထောင်တွင် အကျဉ်းကျခံနေရသည့် လူငယ်ရှေ့နေကိုဖိုးဖြူအတွက် အယူခံကို နေပြည်တော်တရားရုံးချုပ်တွင် လျှောက်လဲခဲ့ကြောင်း ကိုဖိုးဖြူ၏ အကျိုးဆောင်ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ (DVB 150210)
- ၂၀၀၇ ခုနှစ်အတွင်းက သိမ်းယူထားသည့် မန္တလေးတိုင်းအဖွဲ့ချုပ် စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြတို့ မောင်နှမများပိုင်သည့် မန္တလေးဈေးချိုက ဈေးဆိုင်ခန်းကို အာဏာပိုင်များက လေလံတင်ရောင်းချရန် စီစဉ်နေသည်။ (DVB 150210)
- မန္တလေးတိုင်း မြင်းခြံထောင်က နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရသည့် ကိုမျိုးဟန်ကို ကျိုင်းတုံထောင်တွင် တိုက်ပိတ်ခံနေရကြောင်း ထောင်ဝင်စာသွားရောက်တွေ့ခဲ့သည့် အစ်မဖြစ်သူက ပြောသည်။ (BBC 150210)
- ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တြိဂံစစ်တိုင်းရုံး တပ်တွင်းအစာရှိအစည်းအဝေးပွဲ၌ ဒု-ဗိုလ်ချုပ်မင်းအောင်လှိုင်က 'အမေရိကန်ကူလျှင် အပစ်ရပ်အဖွဲ့များကို ချက်ချင်းရှင်းပစ်နိုင်သည်ဟု' ဟု ပြောကြောင်း ရှမ်းပြည်မြောက်ပိုင်း ကျိုင်းတုံမြို့မှ စစ်တပ်အရာရှိများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 150210)
- နအဖ၏ စရဖ ညွှန်ချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်အား သွားရောက်တွေ့ဆုံရန် ဂခေါင်းဆောင်က ဒုတိယအကြိမ်ငြင်းဆန်ပြီးနောက်ပိုင်း နအဖဘက်မှ ဆက်ဆံရေးအေးစက်လာသောကြောင့် ပိုမိုသတိထားမည်၊ ပြင်ဆင်မှုပိုမိုပြုလုပ်သွားမည်ဟု ထိပ်ပိုင်းစစ်ဘက် ဂ အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 150210)
- ယခုလဆန်းပိုင်းမှစ၍ စစ်အစိုးရအာဏာပိုင်များက ဗန်းမော်ခရိုင်တွင် တစ်အိမ်တက်တစ်အိမ်ဆင်းစနစ်ဖြင့် အိမ်ထောင်ဦးစီးအမည်၊ အသက် ၁၈ နှစ်အောက်နှင့် အသက် ၁၈ နှစ်အထက်များကို နှစ်ဖွဲ့ခွဲ၍ သန်းခေါင်စာရင်း လိုက်လံကောက်ခံယနေကြောင်း ဒေသခံရွာတာဝန်ရှိသူများက ပြောသည်။ (KNG 150210)
- ရခိုင်ပြည်နယ် အနောက်ဘက် နယ်စပ်မောင်တောမြို့နယ်တွင် လက်နက်ကိုင် ဓါးပြတိုက်မှုများ ရက်ဆက်ဖြစ်ပွားနေကြောင်း ဒေသခံများက ပြောသည်။ (Narinjara 150210)
- မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါး ၇ မျိုးကို အများပြည်သူတို့ သုံးစွဲရန်မသင့်ကြောင်း ယမန်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (IMNA 150210)

## ဖေဖော်ဝါရီလ (၁၆)ရက်

- လာမည့် မတ်လတွင် ကျင်းပမည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ညီလာခံမတိုင်ခင် ကြိုတင်လေ့လာ ဆန်းစစ်သည့် မြန်မာ့အရေးဆွေးနွေးပွဲတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ နအဖက ဦးဆောင်ကျင်းပမည်ဟုဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအင်အားစုများ၏ သဘောထားများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ (VOA 160210)
- မြန်မာစစ်အစိုးရတပ်များသည် ကရင်နီပြည် ရှားတောမြို့နယ်ရှိ ဒေါတခူးကျေးရွာအား မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ထားသောကြောင့် ယခုအခါ ဒေသခံရွာသားများက ကြောက်ရွံ့၍ အခြားကျေးရွာများသို့ ထွက်ပြေးနေထိုင်ကြရသည်။ (Kantarawaddy Times 160210)
- နှစ်ပေါင်း (၁၀၀) ကျော်သက်တမ်းရှိ အင်းစိန်ဂျီတီအိုင် (စက်မှုလက်မှု သိပ္ပံ) ကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတာဝန်ခံ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လာမည့်မတ်လတွင် (၂၄) နာရီဖွင့်လှစ်မည့် ဆေးရုံအဖြစ် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနများကို တရားဝင်ပြောကြားလိုက်သည်။ (NEJ 160210)

- "နအဖစစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကို အသုံးချကာ တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုပြုလုပ်လာကြောင်း" အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး AI က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (NEJ/ Irrawaddy 160210)
- ကာကွယ်ဆေးမထိုးသည့် ငှက်ဖျားရောဂါကို စနစ်တကျဆေးဝါးကုသမှု ခံယူပါက အတိုင်းအတာတစ်ခုအထိ နှိမ်နင်း၍ရသည်ဟု မယ်တော်ဆေးခန်းတာဝန်ခံ ဒေါက်တာစင်သီယာမောင်က ပြောကြားလိုက်သည်။ (NEJ 160210)
- ရန်ကုန်တိုင်းအတွင်းရှိ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်အိမ်ရာ၊ တောင်ဒဂုံနှင့် လှိုင်သာယာမြို့နယ်များအတွင်း ရေမလာသဖြင့် ရေသန့်ဘူး ဝယ်ယူသုံးစွဲနေရကြောင်း မြို့ခံများက ပြောသည်။ (NEJ 160210)
- ရွှေ့ပြောင်းလုပ်သားဆိုင်ရာ မူဝါဒများ ဖြေလျှော့ပေးရေး အဆိုပြုချက်စာကို ထိုင်းဝန်ကြီးချုပ်ထံ ပေးပို့ရန်အတွက် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ စုပေါင်းကာ ဘန်ကောက်မြို့ရှိ ထိုင်းဝန်ကြီးချုပ်ရုံးသို့ ချီတက်ကာ တောင်းဆိုခဲ့ကြသည်။ (NEJ/ Irrawaddy 160210)
- ယခင် ရှမ်းပြည်နယ် အထူးဒေသ (၁) ကိုးကန့်ဒေသမြို့တော် လောက်ကိုင်မြို့ မြို့သစ်ရပ်ကွက်ရှိ မူးယစ်ဆေးဝါးပြတိုက်အနီးတွင် ယမန်နေ့နံနက် (၇) နာရီခန့်၌ ဗုံး (၁) လုံးပေါက်ကွဲခဲ့ရာ တရုတ်အမျိုးသား (၁)ဦး သေဆုံးကာ လူအချို့ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (NEJ/ Irrawaddy/ Mizzima 160210)
- မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးမြို့ရှိ ရဲသိပ္ပံဝင်းနှင့် ဗထူးအားကစားကွင်းများကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများကို ရောင်းချထားကာ လူနေအဆောက်အအုံများကို ဖယ်ရှားတော့မည်ဟု သတင်းထွက်ပေါ်နေသည်။ (DVB 160210)
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဂတ်ပြဆုတောင်းပွဲစတင်ခဲ့သူ နော်အုန်းလှနှင့် အမျိုးသမီး ၄ ဦးကို ထောင်ဒဏ်အပြစ်ပေးလိုက်သည့်အပေါ် အပတ်စဉ်အင်္ဂါနေ့တိုင်း ဆုတောင်းပွဲများပြုလုပ်နေသည့်အဖွဲ့ဝင်များက ပြစ်တင်ရှုတ်ချလိုက်သည်။ (DVB 160210)
- ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက ယာယီနိုင်ငံကူးလက်မှတ်လုပ်ရာတွင် အခက်အခဲများ ရှိနေသဖြင့် ပြဿနာများဖြေရှင်းပေးရန် ချင်းမိုင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ (DVB 160210)
- မြန်မာနိုင်ငံအောက်ပိုင်း ကရင်ပြည်နယ် ညောင်လေးပင်နှင့် ဖာပွန်မြို့နယ်တွင် နအဖက ကြီးကြီးမားမားထိုးစစ်ဆင်မှု ရပ်တန့်ရန်အတွက် နိုင်ငံတကာမှ နအဖကိုဖိအားပေးရန် ကရင်အမျိုးသားအစည်းအရုံး KNU က ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 160210)
- မြန်မာနိုင်ငံမှ ထွက်ပြေးလာသည့် ရိုဟင်ဂျာဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့် တောင်းခံထားသူ ဒုက္ခသည်များကို ဘင်္ဂလားဒေ့ရှ်အစိုးရက ဆက်တိုက်ဖမ်းဆီးမှုများ ပြုလုပ်နေသည်။ (RFA 160210)
- မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံက မြန်မာဒုက္ခသည်များအတွက် လူသားချင်းစာနာမှု အကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၂၃ သန်းနှင့် ညီမျှသည့် ယူရိုငွေ ၁၇ သန်းကျော်ကို ကူညီသုံးစွဲရန် ဥရောပကော်မရှင်က ဆုံးဖြတ်လိုက်သည်။ (RFA 160210)
- ရခိုင်ပြည်နယ်တွင် အသစ်တိုးချဲ့လိုက်သော ကျိန္နလီမြို့ကို မြို့အင်္ဂါရပ်နှင့်ညီညွှတ်စေရန်အတွက် ဈေး၊ လမ်း၊ ကျောင်း၊ တံတားများကို စည်ပင်သာယာရေးက လုပ်ဆောင်နေသည်။ (Narinjara 160210)

## ဖေဖော်ဝါရီလ (၁၇)ရက်

- ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ Lion City အထည်ချုပ်စက်ရုံတွင် လုပ်အားတိုးမြှင့်ပေးရန် အလုပ်သမား ၂၀၀ ကျော်က ယမန်နေ့ ညနေ ၅ နာရီခန့်တွင် စက်ရုံဝင်းအတွင်းစတင်ဆန္ဒပြခဲ့ပြီးနောက် ယနေ့လည်း ထပ်မံဆန္ဒပြနေသည်။ (Mizzima/ NEJ 170210)

- ❑ လိုင်သာယာစက်မှုဇုန် အလုပ်သမားဆန္ဒပြဓာတ်ပုံများ နိုင်ငံခြားသတင်းမီဒီယာများတွင် ပါခဲ့သည့်အတွက် အလုပ်သမားဝန်ကြီးဌာနက မီဒီယာသမားများကို စက်မှုဇုန်အတွင်း ဝင်ရောက်ခွင့် ကန့်သတ်ထားကြောင်း ရန်ကုန်မြို့ လိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 170210)
- ❑ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာကင်တားနား ရောက်ရှိနေစဉ်ကာလတွင် ဒေါ်နော်အုန်းလှ အပါအဝင် အမျိုးသမီး (၄) ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂) နှစ်ချမှတ်လိုက်ခြင်းသည် စစ်အစိုးရက လူ့အခွင့်အရေးကို ဂရုမစိုက်ရာရောက်ကြောင်း လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က ပြောသည်။ (NEJ 170210)
- ❑ နအဖပြုလုပ်မည့်ရွေးကောက်ပွဲတွင် ၎င်းတို့ပါတီမှ ကိုယ်စားလှယ်များကို မဲပေးကြရန် ကြံ့ဖွံ့အဖွဲ့က မြစ်ကြီးနားမြို့၌ ပေါ်ပေါ်တင်တင် စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်နေကြောင်း NDA-K မှ တပ်မှူးဟောင်းတစ်ဦးက ပြောသည်။ (NEJ 170210)
- ❑ နိုင်ငံရေးအကျဉ်းသားများကို နှစ်ရှည်ထောင်ဒဏ် ချမှတ်သည်ဟူ၍ နာမည်ဆိုးဖြင့် ကျော်ကြားသော တရားသူကြီး ၂ ဦးနှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားကို စစ်အစိုးရက ယမန်နေ့က တွေ့ဆုံခွင့်ရရန် စီစဉ်ပေးခဲ့သည်။ (Irrawaddy 170210)
- ❑ အာဏာပိုင်များက မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ကိုကျော်ဇေလွင် (ခ) ကိုညီညီအောင်ကို ထောင်ဝင်စာတွေ့ခွင့်ပိတ်ပင်ထားကြောင်း ပြည်မြို့အကျဉ်းထောင်သို့ ယနေ့သွားရောက်ခဲ့သည့် အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်ဆွေက ပြောသည်။ (Irrawaddy 170210)
- ❑ ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးနိုင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ ရိုဟင်ဂျာများကို ယာယီနိုင်ငံသား စိစစ်ရေးကဒ်ပြားများ ထုတ်ပေးနေကြောင်း ရိုဟင်ဂျာအရေး ဆောင်ရွက်နေသူများကပြောသည်။ (Irrawaddy 170210)
- ❑ မိုင်းထောင်ထားဖွယ်ရှိသော ဒေသများသို့ ကရင်ဒုက္ခသည်များ ပြန်သွားရမည့် အရေးကိုစိမ်းရိမ်မိကြောင်း နိုင်ငံတကာ မြေမြှုပ်မိုင်းတားဆီးရေး လှုပ်ရှားမှုအဖွဲ့ (International Campaign to Ban Landmines - ICBL) က ယခုလ ၁၅ ရက်နေ့က ပြောကြားလိုက်သည်။ (Irrawaddy 170210)
- ❑ သျှမ်းပြည်အလယ်ပိုင်း အရှေ့ပိုင်း အပစ်ရပ်တပ်ထိန်းချုပ်ဒေသများဆီသို့ နအဖ စစ်ယာဉ် ၁၀၀ ခန့် လာရောက်ဖြည့်တင်းထားကြောင်း SSA လွယ်တိုင်းလျှံဌာနချုပ်မှ ဆိုသည်။ (S.H.A.N 170210)
- ❑ စာနယ်ဇင်းသမားများကို အဖိနှိပ်ဆုံးနိုင်ငံထဲတွင် မြန်မာနိုင်ငံသည် အဆိုးဆုံး နံပါတ် ၁ ဖြစ်ကြောင်း နယူးယောက်အခြေစိုက် သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ CPJ က ယမန်နေ့က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 170210)

ဖေဖော်ဝါရီလ (၁၈)ရက်

- ❑ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် NLD ဗဟိုအလုပ်အမှုဆောင် (၅) ဦးနှင့် ယနေ့ညနေပိုင်းတွင် တွေ့ဆုံခဲ့ရာ NLD က ဒေါ်အောင်ဆန်းစုကြည်ကို နအဖမှ လွှတ်ပေးသင့်ပြီဖြစ်ကြောင်း တင်ပြပြောဆိုခဲ့သည်။ (NEJ 180210)
- ❑ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် မြန်မာကလေးပြည့်တန်ဆာ (၅၀) ခန့် အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုက ပြောသည်။ (NEJ 180210)
- ❑ ရန်ကုန်မြို့ အင်းစိန်အကျဉ်းစခန်းအတွင်းရှိ အကျဉ်းသားများက ဆုံးရှုံးနေသော အကျဉ်းသားအခွင့်အရေးများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ထောင်အာဏာပိုင်များထံ အချက် (၅) ချက်ကို ယမန်နေ့က တင်ပြတောင်းဆိုခဲ့သည်။ (NEJ 180210)

- တောင်သူများ မိုးစပါးတွင်အရှုံးပေါ်၍ နွေစပါးမစိုက်ပျိုးမည်ကို စိုးရိမ်သဖြင့် နွေစပါးစိုက်စရိတ်ချေးငွေ ထုတ်ပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းကို စစ်အစိုးရက ဖိအားပေး ခိုင်းစေထားသည်ဟု ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အမှုဆောင်တဦးက ပြောသည်။ (NEJ 180210)
- မကြာသေးမီရက်ပိုင်းက ကိုးကန့်ဒေသ၊ လောက်ကိုင်မြို့တွင် ဗုံးများဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ မပေါက်ကွဲ သေးသော ဗုံးများလည်း ရှာဖွေသိမ်းဆည်းမိခဲ့ရာတွင် ဖုန်ကျားရှင် ဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့က ဆောင်ရွက်ခဲ့ ကြောင်း ယနေ့ထုတ် နအဖပိုင်သတင်းစာများက စွပ်စွဲလိုက်သည်။ (NEJ 180210)
- စစ်အစိုးရ သိမ်းဆည်းခဲ့သည့် လယ်ယာမြေ ပြန်လည်ရရှိရန် အိုင်အယ်အိုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သော မကွေး တိုင်း အောင်လံမြို့မှ လယ်သမား (၁၁) ဦးကို စစ်အစိုးရက ပိုင်နက်ကျူးလွန်မှု အကျိုးဖျက်ဆီးမှုတို့ဖြင့် ပြစ်ဒဏ်ချ ထားရာမှ (၁၀) ဦးကို မူလပြစ်ဒဏ်ကို လျှော့ပြီး လွှတ်မိန့်တရပ် တရားရုံးက ယမန်နေ့တွင် ထုတ်ပြန်လိုက်သည်။ (NEJ 180210)
- နိုင်ငံခြားသား အလုပ်သမား အခွင့်အရေးအတွက် အကြံပြုစာတစောင်တွင် ထိုင်းနိုင်ငံအခြေစိုက် အစိုးရမဟုတ်သော အဖွဲ့ (NGO) ၃၆ ဖွဲ့က လက်မှတ်ရေးထိုးကာ ထိုင်းဝန်ကြီးချုပ် အဖိဆစ်ဝေ့ချာချီဝထံသို့ ယနေ့ ပေးပို့လိုက်သည်။ (Irrawaddy 180210)
- ရန်ကုန်တိုင်း တရားရုံးက ပယ်ချခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် အယူခံအတွက် တင်သွင်းခဲ့သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုနှင့် ပတ်သက်၍ လာမည့် ရက်သတ္တပတ်များ အတွင်း စီရင်ချက်ကို ချမှတ်သွားနိုင် ကြောင်း ရှေ့နေဖြစ်သူ ဦးဉာဏ်ဝင်းက ဆိုသည်။ (Irrawaddy 180210)
- ရန်ကုန်မြို့ရှိ စီးတီးတက္ကစီ အများစုကို မီတာစနစ်ဖြင့်ပြေးဆွဲရန် ထုတ်ပြန်ထားသော်လည်း အောင်မြင်မှုမရှိသော ကြောင့် ယာဉ်ပြေးဆွဲခွင့် ပိတ်သည်အထိ တင်းကျပ်သော အရေးယူမှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။ (Irrawaddy 180210)
- စစ်အစိုးရက မကြာမီရွေးကောက်ပွဲ ပြုလုပ်ပေးမည် ဆိုသော်လည်း နေပြည်တော်တွင် တည်ဆောက်နေသည့် လွှတ်တော်အဆောက် အအုံကြီးမှာ ပြီးစီးခြင်း မရှိသေးဟု ဆိုသည်။ (Irrawaddy 180210)
- ရန်ကုန်မြို့တွင် CDMA 800 MHz အမျိုးအစား တယ်လီဖုန်း တသိန်း တိုးချဲ့မည်ဟု ဆိုသော်လည်း အစိုးရအရာ ရှိကြီးများ၏ ထောက်ခံစာဖြင့် လျှောက်ထားသူများသာ တယ်လီဖုန်းဝယ်ယူခွင့်ရရှိနေသည်ဟု ရန်ကုန်မြို့လယ်တွင် ဖုန်းဝယ်ရောင်း လုပ်ကိုင်နေသူတဦးက ဆိုသည်။ (Irrawaddy 180210)
- အမေရိကန်နိုင်ငံ ဂျွန် ဟော့ပ်ကင်စ် တက္ကသိုလ်၊ အရှေ့တောင်အာရှ လေ့လာရေး ဌာန ညွှန်ကြားရေးမှူး ကားလ်ဒီ ဂျက်ဆင် (Karl D Jackson) သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်တချို့နှင့် ယခုလ ၁၅ ရက်နေ့က တွေ့ဆုံခဲ့သည်။ (Irrawaddy 180210)
- နေပြည်တော်တွင် ပုံမှန်မဟုတ်သော ကက်ဘိနက် အစည်းအဝေးများ ဆက်တိုက်ပြုလုပ်နေကာ ရွေးကောက်ပွဲ ဆိုင်ရာ နည်းနာများကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းပြခဲ့ကြောင်း နေပြည်တော်သတင်းရပ်ကွက်မှ ဆိုသည်။ (Mizzima 180210)
- ရန်ကုန်ရှိ Lion City အထည်ချုပ်စက်ရုံ လုပ်သားများက လုပ်ခတိုးရန် ဆန္ဒပြသည်ကို စက်ရုံက လိုက်လျောသဖြင့် ဆန္ဒပြပွဲကို ယနေ့ ရပ်ဆိုင်းလိုက်သည်။ (Mizzima 180210)
- သျှမ်းပြည်အရှေ့ပိုင်းမိုင်းယန်းမြို့လယ် ခုံကွိုင်းဇွန်း (ကွဲခတ်ကွင်း) ၌ နအဖနယ်လှည့်ဆက်ဆံရေးတပ်မှ ယနေ့ညစတင်မည့် ဖျော်ဖြေရေးစင်မြင့်အတွက် ဒေသခံလုပ်အားများအပြင် ပိုက်ဆံ၊ သက်ကယ်၊ ဝါး၊ ဖျာများပါ ဆင့်ဆိုခံရ သည်ဟု နယ်စပ် သတင်းရပ်ကွက်မှ ဆိုသည်။ (S.H.A.N 180210)
- စစ်တွေရှိ အင်တာနက်ဆိုင်များကို အာဏာပိုင်များက ကန့်သတ်မှုများ ပိုမိုများပြားလာသည်ဟု အင်တာနက်ဆိုင်နှင့် ရင်းနှီးသူ လူငယ်တစ်ဦးက ပြောသည်။ (Narinjara 180210)

- နေပြည်တော်တွင် ၆၃ ကြိမ်မြောက် ပြည်ထောင်စုနေ့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ A(H1N1) ရောဂါပိုးကူးစက်နေရသဖြင့် အရေးပေါ် ဆေးရုံတင်ထားရကြောင်း နေပြည်တော်တိုင်း စစ်ဌာနချုပ်နှင့် နီးစပ် သည့်သတင်းရပ်ကွက်မှ ဆိုသည်။ (RFA 180210)

ဖေဖော်ဝါရီလ (၁၉)ရက်

- မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားသည် မြန်မာနိုင်ငံ (၅) ရက်ကြာခရီးစဉ် အတွင်း တိုင်းရင်းသားခေါင်းဆောင်များ၊ လူ့အခွင့်အရေး လှုပ်ရှားသူများနှင့် တွေ့ဆုံခွင့်မရရှိခဲ့သည့်အတွက် ကုလသမဂ္ဂသို့ တင်ပြမည့် ၎င်း၏အစီရင်ခံစာသည် ပြည့်စုံမှုရှိမည်မဟုတ်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များက ပြောသည်။ (NEJ 190210)
- ဘိလပ်မြေ ဈေးထောင်တက်နေသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အခက်တွေ့နေကြရသည်။ (NEJ 190210)
- ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် မြန်မာကလေးပြည့်တန်ဆာ (၅၀) ခန့် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း အစိုးရ မဟုတ်သည့် အဖွဲ့အစည်းတစ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 190210)
- ရခိုင်ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး စီမံကိန်းတွင် ထပ်မံရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အိန္ဒိယအစိုးရက အိန္ဒိယကုမ္ပဏီ (၂)ခုကို ခွင့်ပြုလိုက်ကြောင်း ယမန်နေ့ထုတ်ဂျေသည့် Wall Street ဂျာနယ်တွင် ဖော်ပြထားသည်။ (Irrawaddy 190210)
- နေပြည်တော်ရှိ အစိုးရဝန်ထမ်း အပါအဝင် အရပ်သားတချို့ကို A (H1N1) တုပ်ကွေးရောဂါပိုး ကူးစက်ခံရသူရသဖြင့် အစိုးရမှ ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေကြောင်း ရန်ကုန်မြို့ရှိ စာနယ်ဇင်းသမားတစ်ဦးက ပြောသည်။ (Irrawaddy 190210)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဈေးထဲ၌ ယနေ့နံနက်ပိုင်းက ဗုံး (၂) လုံးပေါက်ကွဲခဲ့ရာ ဒေသခံတစ်ဦး သေဆုံးကာ (၂) ဦး ဒဏ်ရရှိခဲ့သည်ဟု ကော့ကရိတ်ဈေးအနီး နေထိုင်သူ အိမ်ရှင်မတစ်ဦးက ပြောသည်။ (Irrawaddy 190210)
- ယခုလကုန်ပိုင်းတွင် ထိုင်းအစိုးရက မြန်မာပြည်သားအများစု ပါဝင်သည့် နိုင်ငံခြားသား အလုပ်သမား အများအပြား ကို နေရပ်သို့ အတင်းအကျပ်ပြန်ပို့ဖွယ်ရှိသဖြင့် လူ့အခွင့်အရေး အဖွဲ့များက စိုးရိမ်နေကြသည်။ (Irrawaddy 19210)
- ရန်ကုန်မြို့ ရွှေပြည်သာ စက်မှုဇုန်ရှိ APT အထည်ချုပ်စက်ရုံမှ အလုပ်သမား ၇ ဦးတွင် A(H1N1) တုပ်ကွေးရောဂါပိုး တွေ့ရှိသဖြင့် ဆေးရုံတွင် ကုသမှုခံယူနေရကြောင်း မြို့နယ်ကောင်စီနှင့် အင်းစိန်ဆေးရုံတာဝန်ရှိသူများက ဆိုသည်။ (Mizzima 190210)
- ရန်ကုန်တိုင်း မြောက်ဥက္ကလာ ၂ ရပ်ကွက် မုဒိတာလမ်းရှိ လူနေအိမ်ခြေ ၂၆၀ ခန့်ကို အာဏာပိုင်များက ယနေ့ နောက်ဆုံးထား၍ ရွှေ့ခိုင်းနေကြောင်း ဒေသခံများက ပြောသည်။ (Mizzima 190210)
- မလေးရှားနိုင်ငံ အနောက်တောင်ဘက် နီဂီရီ ဆမ်ပီလန် (Negeri Sempilan) ပြည်နယ်ရှိ လန်ဂျုး (Lang Geng) အမည်ရှိ မြန်မာနိုင်ငံသား အများစု ရှိနေသည့် ဒုက္ခသည်စခန်းတွင် သောက်သုံးရေမလုံလောက်မှုနှင့် ကြုံတွေ့နေရ ကြောင်း ဒုက္ခသည်များက ပြောသည်။ (Mizzima 190210)
- ရခိုင်ပြည်နယ် စစ်တွေမြို့ရှိသည့် အင်တာနက်ဆိုင်များကို အာဏာပိုင်များက ယခုနှစ်ဆန်းပိုင်းမှစ၍ နှောင့်ယှက် တင်းကျပ်မှုများ ပြုလုပ်နေကြောင်း အင်တာနက် ဆိုင်ရှင်များက ပြောသည်။ (Mizzima 190210)
- ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တွင် တရားမဝင် နေထိုင်သည့် မြန်မာနိုင်ငံဘက်မှ ဒုက္ခသည်များကို သေခံဘင်္ဂါလီ များက ငွေညှစ်တောင်းခံနေကြောင်း ဒေသတွင်းသတင်းများမှ ဆိုသည်။ (Mizzima 190210)
- မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်အတွင်း မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့သည့် တန်ဖိုးသည် ၂၂ နှစ်နီးပါး ကာလအတွင်း ဆုံးရှုံး ခဲ့သည့် စုစုပေါင်းတန်ဖိုးပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်း မီးသတ်ဦးစီးဌာနက ထုတ်ပြန်လိုက်သည်။ (Mizzima 190210)

- လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကျူးလွန်ထားသော ပြစ်မှုသတင်းအချက်အလက်များကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စုဆောင်းနေသည်။ (S.H.A.N 190210)
- လူ့အခွင့်အရေးအတွက် အာဏာပိုင်များနှင့် တရားပြိုင်ခဲ့ရာ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့် မစုစုနွေး၏ နောက်ဆုံးအဆင့် အယူခံကို အထူးတရားရုံးက ယခုလ ၁၇ ရက်နေ့က ပယ်ချလိုက်သည်။ (RFA/ DVB 190210)

ဖေဖော်ဝါရီလ (၂၀)ရက်

- မြန်မာနိုင်ငံတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်သူ ထပ်တိုးများပြားလာကာ ပြည်နယ်နှင့်တိုင်းအချို့တွင် ရောဂါကူး စက်သူစုစုပေါင်း ၆၀ ကျော်တွေ့ရှိရ၍ ရန်ကုန်၌ အများဆုံးဖြစ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရန်ကုန်ရုံးခွဲမှ ဆိုသည်။ (DVB 200210)
- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၁၀ ကြိမ်မြောက် ညီလာခံ၌ "အမျိုးသားရေးအတွက်၊ တန်းတူအခွင့်အရေး နှင့်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခြင်းသည် ခွဲထွက်ရေးသမားမဟုတ်" ကြောင်း သျှမ်းပြည်တပ်မတော်ခေါင်း ဆောင် ဗိုလ်ချုပ်ကြီးယွက်စစ်ကပြောသည်။ (S.H.A.N 200210)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင် နေထိုင်ကြသော ပြည်သူများ၏ လယ်မြေများနှင့် အိမ်များသည် စစ်အစိုးရ၏ ဂတ်(စ်) ပိုက်လိုင်းစီမံကိန်းအတွက် သိမ်းဆည်းခံထားရကာ မိသားစု ၅၀၀ ကျော်တို့၏ အနာဂတ်သည် မသေချာ မရေရာ ဖြစ်နေသည်။ (Narinjara 200210)
- ယခုလဆန်းပိုင်းမှစ၍ သျှမ်းပြည်သို့ နအဖ စစ်ယာဉ်တန်းများ ဆက်တိုက်တက်လာခြင်း၊ နေ့စဉ်နှင့်အမျှ ပေါ်တာ ဆွဲခြင်း၊ စားနပ်ရိက္ခာအတွက် စပါး၊ မြေပဲ အဓမ္မဈေးနှိမ်ဝယ်ခြင်းတို့ကြောင့် ထိုင်းနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင် လာသည့် သျှမ်းပြည်အလယ်ပိုင်းဒေသခံများ ပိုမိုများပြားလာကြောင်း ထွက်ပြေးလာသည့် မိုင်းနောင်မြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 200210)
- မြန်မာနိုင်ငံ တောင်ဘက်စွန်း တနင်္သာရီတိုင်း ရုပ်ပြေးဟုခေါ်သည့် အမြန်ယာဉ် အပါအဝင် သင်္ဘော၊ ကား၊ လေယာဉ် များနှင့် ဆိုက်ရောက်လာကြသူများကို ယခုလ ၁၈ ရက်နေ့က မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးရေးအဖွဲ့က ဖမ်းဆီး မောင်းထုတ်မှုများ ပြုလုပ်နေသည်။ (RFA 200210)
- ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီနှင့် နီပေါနိုင်ငံ ငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးကောင်စီက ဦးစီး၍ နီပေါနိုင်ငံတွင် ပြုလုပ်သည့် အာရှငြိမ်းချမ်းရေးညီလာခံ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင် ကြေညာချက်အား အပြည့်အဝ ထောက်ခံကြောင်း နအဖရွေးကောက်ပွဲသည် အဓိပ္ပာယ်ရှိကြောင်း သုံးသပ်ခဲ့ကြသည်။ (RFA 200210)

ဖေဖော်ဝါရီလ (၂၁)ရက်

- ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လာမည့်ရွေးကောက်ပွဲအတွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်က ရပ်ကွက်အာဏာပိုင်များကို အမိန့်ပေးညွှန်ကြားလိုက်ကြောင်း ကိုယ်တိုင်မြင်တွေ့ ကြားသိခဲ့ရသည့် ဒေသ ခံများက ပြောသည်။ (DVB 210210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးကို အမျိုးသားပြန်လည်သင့်မြတ်ရေး သူရဲကောင်းအဖြစ် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များက ဂုဏ်ပြုချီးမြှင့်လိုက်သည်။ (DVB 210210)
- မြန်မာ-လာအိုနယ်စပ် ရွှေတြိဂံဒေသအနီးတွင် ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရ၍ ရဲအုပ်တစ်ဦးအပါအဝင် လူ ၁၄ ဦး သေဆုံးကာ ၂ ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 210210)
- ယခုလ ၁၈ ရက်နေ့က ချောက်မြို့နှင့် စလေမြို့ကြားတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၅၂ လုံးလောင်ကျွမ်းကာ လူ ၂၅၀ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း ချောက်မြို့ဒေသခံများက ပြောသည်။ (DVB 210210)

- မြန်မာနိုင်ငံ တိုင်းနှင့်မြို့နယ်အချို့တွင် A(H1N1) တုပ်ကွေးရောဂါ ကူးစက်မှုတိုးပွားလာက ရှေ့ပြေးသာစက်မှုဇုန်တွင် ရောဂါလက္ခဏာ တွေ့ရှိမှုကြောင့် ယခုလ ၂၀ ရက်နေ့မှစ၍ စက်ရုံပိတ်လိုက်ကြောင်း ဒေသခံများက ပြောသည်။ (DVB 210210)
- တပ်မတော်ထဲတွင် ဆက်တိုက်ဖြစ်ပွားနေသော မကျေမနပ်မှုများနှင့် တပ်မ (၇၇) လက်အောက်အောက်ခံတပ်များတွင် ဖြစ်ပွားနေသည့် မကျေမနပ်မှုများ ဆက်စပ်မှုရှိနေသည်။ (Yoma3 210210)
- ၂၀၀၉ ခုနှစ်အတွင်း သျှမ်းပြည်တပ်မတော်နှင့် နအဖစစ်တပ်အကြား တိုက်ပွဲအကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရာ SSA ထက် နအဖ စစ်တပ် ၅ ဆပိုသေဆုံးခဲ့ကြောင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၁၀ ကြိမ်မြောက်ညီလာခံတွင် ညီလာခံတက်ရောက်လာသည့် တာဝန်ရှိသူများက ထည့်သွင်းတင်ပြခဲ့သည်။ (S.H.A.N 210210)

ဖေဖော်ဝါရီလ (၂၂)ရက်

- ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ရန်အတွက် နိုင်ငံသားစိစစ်မှု လျှောက်ထားခြင်းမရှိသည့် မြန်မာအလုပ်သမားများကို ယခုလကုန်ပိုင်းတွင် နေရပ်သို့ပြန်ပို့မည်ဟု ထိုင်းအလုပ်သမားဝန်ကြီး နိုင်ဖိုင်းထူးကယောက်ထောင်း၏ ပြောကြားချက်သည် ဖြစ်နိုင်ခြေမရှိဟု မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသူများက ပြောသည်။ (NEJ 220210)
- နအဖစစ်အစိုးရအား ဆန့်ကျင်သည့် လှုပ်ရှားမှုများကို အချိန်မီသတင်းပေးနိုင်ရန်အတွက် ရည်ရွယ်၍ ရန်ကုန်ရှိ စည်ပင်ဇရိယာမြို့နယ်များရှိ ဈေးအသီးသီးမှ ဈေးသည်အချို့ကို ဝေါ်ကီတော်ကီ (ခေါ်) စကားပြော ဆက်သွယ်ရေးစက်များကို ချထားပေးနေကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်းစီ (တယက)မှ ဆိုသည်။ (NEJ 220210)
- သက်န်းကျွန်းဈေးမီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်စည်ပင်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနများအကြား မကျေမလည်မှုများ ဖြစ်နေကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။ (NEJ 220210)
- မန္တလေး ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်မည့်ရှိုးပွဲကို ကြည့်လိုသူများအနေဖြင့် ကျပ် (၁၈,၀၀၀) ပေးရသည့်အပြင် အရက် (၁) ပါကင်ဝယ်ယူရမည်ဟု ပွဲစီစဉ်သူများထံမှ သိရသည်။ (NEJ 220210)
- လိုင်စင်မဲ့ကားများကို ဖမ်းဆီးနှိမ်နင်းမှု ရှိနေသည့်အကြားမှ တရုတ်-မြန်မာနယ်စပ် မူဆယ်မှတဆင့် လိုင်စင်မဲ့ကားသယ်ယူမှုများ ဆက်လက်ရှိနေကာ ရှမ်းပြည်မြောက်ပိုင်း ပြည်နယ်ရဲတပ်ဖွဲ့မှ အဓိကပြုလုပ်ပေးနေသည်ဟု ကားပွဲစားတစ်ဦးက ပြောသည်။ (NEJ 220210)
- အသက် ၁၈ နှစ်အောက် ကလေးများကို စစ်သားအဖြစ် စုဆောင်းအသုံးချခဲ့မှုဖြင့် အရာရှိများ အပါအဝင် တပ်မတော်သား ၄၄ ဦးကို အရေးယူထားကြောင်း စစ်အရာရှိတစ်ဦးကို ကိုးကား၍ Weekly Eleven ဂျာနယ်တွင် ဖော်ပြထားသည်။ (Irrawaddy 220210)
- စစ်အစိုးရက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ် မစ္စတာကင်တားနား၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များကို ပြည်တွင်းသတင်းဂျာနယ်များတွင် ဖော်ပြခွင့်ပိတ်ပင်လိုက်ကြောင်း ပြည်တွင်းသတင်းဂျာနယ် အယ်ဒီတာတစ်ဦးက ပြောသည်။ (Irrawaddy 220210)
- သေနပ်ဒဏ်ရာဖြင့် သေဆုံးနေသော မြန်မာအလောင်း ၄ လောင်းကို ထိုင်း-မြန်မာနယ်စပ် ရနောက်မြို့ကမ်းခြေတနေရာတွင် ယခုလ ၂၀ ရက်နေ့က တွေ့ရှိခဲ့သည်။ (Irrawaddy 220210)
- ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်များသည် ဖမ်းဆီး၍ နှိပ်စက်ညှင်းပန်းခံနေရကာ မြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ရန် အာဏာပိုင်များက လုပ်ဆောင်နေကြောင်း လူ့အခွင့်အရေးအဖွဲ့များနှင့် ထောက်ပံ့ကူညီနေသူများက ပြောသည်။ (Irrawaddy 220210)

- မြန်မာနိုင်ငံတွင် အကြီးဆုံးရေအားလျှပ်စစ် စီမံကိန်းဖြစ်သည့် ရဲရွာရေအားလျှပ်စစ်စက်ရုံအား ယခုလ ၁၈ ရက်နေ့တွင် စတင်လည်ပတ်နေပြီဖြစ်ကြောင်း နေပြည်တော် အမှတ် (၁) လျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာ ဦးခင်မောင်ဦးက ပြောသည်။ (Irrawaddy 220210)
- ၂၀၁၀ ပြည့်နှစ်အတွင်း ရန်ကုန်မြို့တွင်းရှိ လမ်းများခင်းခြင်း အပါအဝင် ပြည်သူ့အကျိုးပြု လုပ်ငန်းများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ကျပ်ငွေ ၁၂ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောသည်။ (Irrawaddy 220210)
- ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ဆေးရုံများတွင် တာဝန်ကျဆရာဝန်များသည် ဝေးလံသောနယ်စပ်ဒေသများသို့ ပြောင်းရွှေ့ရခြင်းမရှိရန် လာဘ်ငွေပေးမှုများ ပိုမိုပြုလုပ်လာသည်ဟု ကျန်းမာရေးဝန်ထမ်းအသိုင်းအဝိုင်းမှ ဆိုသည်။ (Irrawaddy 220210)
- ရွှေတြိဂံဒေသ မဲခေါင်မြစ်အတွင်း မူးယစ်ရာဇ နော်ခမ်းအဖွဲ့နှင့် မြန်မာရဲတပ်ဖွဲ့များ ယခုလ ၂၀ ရက်နေ့က အပြန်အလှန်ပစ်ခတ်မှုကြောင့် ရဲစခန်းမှူး ဦးခင်မောင်ရင် အပါအဝင် တပ်သား ၁၅ ဦးသေဆုံးသွားကြောင်း တာချီလိတ်မြို့နယ် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 220210)
- ကုန်စျေးနှုန်းကျဆင်းရေး ဆန္ဒပြသူများဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်အခြေစိုက် MDC ခေါ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလိုလားသူများအဖွဲ့က နိုင်ငံရေးလှုပ်ရှားမှုများ ပြန်လည်စတင်လိုက်ကာ အတိုက်အခံများနှင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် စစ်အစိုးရကို တောင်းဆိုလိုက်သည်။ (Mizzima 220210)
- အောင်လံမြို့နယ်၌ လယ်ယာများ သိမ်းခံရသဖြင့် အလုပ်သမားအဖွဲ့ချုပ်သို့ ဦးဆောင်တိုင်ကြားပေးသဖြင့် သရက်ထောင်၌ အကျဉ်းကျနေသူ (၂)ဦးနှင့် စက်တင်ဘာသံဃာတစ်ပါး၏ အသက်အန္တရာယ်စိုးရိမ်ရကြောင်း သရက်ထောင်မှ လွတ်လာသည့်တောင်သူ ဦးသန်းစိုးက ပြောသည်။ (Mizzima 220210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗိုဟိုဦးစီးအဖွဲ့ ၄၄ အဖွဲ့ဝင်များကို စီစစ်ရွေးချယ်ရေးလုပ်ငန်းများ အဖွဲ့ချုပ်ရုံး၌ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ (Mizzima 220210)
- ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှ ရန်ကုန်သို့ ပြေးဆွဲနေသည့် ခရီးသည်တင်ကားများသည် လူမတင်ဘဲ တရားမဝင်ကုန်ပစ္စည်းများကိုသာ တင်ဆောင်နေသည့် ခရီးသည်များ အခက်တွေ့နေရကြောင်း မြဝတီ-ရန်ကုန် ကူးသန်းရောင်းဝယ်ရေးလုပ်နေသူတစ်ဦးက ပြောသည်။ (Mizzima 220210)
- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးကို မိန်းကလေးတစ်ဦး ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ရဲစခန်းမှ ဖမ်းဆီးထားကြောင်း မြို့ခံများက ပြောသည်။ (DVB 220210)
- ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်တွင် စည်ပင်သာယာမှ ဖမ်းဆီးခေါ်ဆောင်ထိန်းသိမ်းထားသည့် ကလေးတစ်ဦးအား ၎င်းမိခင်နှင့် ကူညီသူများ၏ကြိုးပမ်းမှုကြောင့် ယနေ့ ပြန်လွတ်လာသည်။ (DVB 220210)
- မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးနှင့်တိုင်းလူငယ်အဖွဲ့ ယနေ့တွေ့ဆုံကာ ရှေ့လုပ်ငန်းစဉ်နှင့် လူငယ်ဖွဲ့စည်းရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဦးမျိုးနိုင်က ပြောသည်။ (DVB 220210)
- ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံ မိန်းကလေးများကို တရုတ်ပြည်ဘက်သို့ လူကုန်ကူးရောင်းစားနေမှု ပိုမိုများပြားလာနေကြောင်း ဒေသခံများက ပြောသည်။ (DVB 220210)
- ပြည်ထောင်သို့ ပို့ခံရသည့် မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ကိုညီညီအောင်ကို အမေရိကန်သံရုံးက တွေ့ခွင့်ရရန် တောင်းဆိုလိုက်သည်။ (VOA 220210)
- ကရင်နီပြည် ရှားတောမြို့နယ်တွင်းရှိ ကျေးရွာများမှ ကရင်နီတော်လှန်ရေးတပ်မတော်များအား အထောက်အကူနှင့် ထောက်ခံမှုများ မပေးနိုင်ရန် စစ်အစိုးရတပ်မှ ရွာသူကြီးများအား ဖိနှိပ်ထိန်းချုပ်ထားခြင်းကြောင့် ရွာသူများမလုပ်ရဲကြတော့ကြောင်း ဒေသခံများက ဆိုသည်။ (Kantarawaddy Times 220210)

- ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးအဖွဲ့မှ နိုင်ငံရေးပါတီ ဖွဲ့စည်းတည်ထောင်ပြီး နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်လာကာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းနေသည်ဟု ကရင်နီပြည်အရေးလေ့လာသူတစ်ဦးက ပြောသည်။ (Kantarawaddy Times 220210)

<u>ဖေဖော်ဝါရီလ (၂၃)ရက်</u>

- မြန်မာစစ်တပ်မှ စစ်ဘက်ရေးရာလုံခြုံရေးအကြီးအကဲ (စရဖ) ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်သည် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ၏ နယ်ခြားစောင့်တပ်ကိစ္စ ဆွေးနွေးရန် ပြန်လည်ဖိတ်ကြားခြင်းသည် ပျက်ကွက်ခဲ့ကြောင်း ဝတပ်ဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 230210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းရေးအတွက် ပြည်နယ်နှင့်တိုင်း စည်းရုံးရေးအဖွဲ့များမှ တင်သွင်းသည့် အဖွဲ့ချုပ်ဝင်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ယမန်နေ့က ပြည်လည်စီစစ်ခဲ့ကာ မကြာမီထုတ်ပြန်ကြေညာတော့မည်ဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်က ပြောသည်။ (NEJ 230210)
- ယခုနှစ် သုတစွယ်စုံစာပေဆုတွင် "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း" စာအုပ်ကိုပေးသွားမည်ဖြစ်ကြောင်း စစ်အစိုးရပိုင်သတင်းစာတွင် ဖော်ပြထားသည်။ (NEJ/ Mizzima 230210)
- ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကော့မှူး-ထမ္မနိုင်လမ်း၊ မကျီးတန်းရပ်ကွက်ရှိ နွေစပါးမျိုးသန့်စိုက်ပျိုးခင်းသည် သက်ဆိုင်ရာအာဏာပိုင်များ သွားရောက်ကြည့်ရှုရာတွင် ပြသရန်ဟန်ပြစိုက်ပျိုးထားသော သရုပ်ပြနွေစပါးလယ်မြေကွက်များသာဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။ (NEJ 230210)
- ပြည့်ကျပ်နေသော ထိန်းသိမ်းရေးစခန်းတွင် အစားအစာနှင့်ရေလုံလောက်မှုမရှိသဖြင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် တွေ့ခွင့်ပေးရန် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား (၁,၀၀၀) ကျော်သည် ယခုလ ၂၁ ရက်နေ့မှစ၍ အစာတော်ခံဆန္ဒပြနေကြကြောင်း မြန်မာအလုပ်သမားအရေး ကူညီဆောင်ရွက်နေသူ တစ်ဦးက ပြောသည်။ (NEJ 230210)
- (၅) သိန်းတန် စီဒီအမ်အေဖုန်းကို ရန်ကုန်တစ်မြို့တည်း၌ပင် အလုံးရေ (၅) သိန်းအထိ ထုးကုမ္ပဏီလက်အောက်ခံ အီလိုက်တက် (Elite) ကုမ္ပဏီက ရောင်းချခွင့်ရရှိမည်ဖြစ်သဖြင့် အကျိုးအမြတ်အားဖြင့် ကျပ်ငွေဘီလီယံပေါင်း (၃၀၀) ကျော်ထက်မနည်း ရရှိသွားမည်ဖြစ်ကြောင်း ဖုန်းရောင်းဝယ်ရေးပြုလုပ်နေသည့် အသိုင်းအဝိုင်းမှ ဆိုသည်။ (NEJ 230210)
- အီလက်ထရောနစ် ဆက်သွယ်မှု စနစ်များတွင် သတင်းအချက်အလက် ဖောက်ယူခံရခြင်းများ မဖြစ်စေရန်အာမခံပေးမည့် ဒစ်ဂျစ်တယ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ကို မြန်မာအင်ဖိုတက် ကုမ္ပဏီလီမိတက်မှ ရရှိသွားကြောင်း မြန်မာကွန်ပျူတာပညာရှင်အသင်း အမှုဆောင်က ပြောသည်။ (NEJ 230210)
- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO နှင့် နအဖအကြား အပစ်ရပ်စာချုပ် ချုပ်ဆိုသည့် (၁၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့်မနော်ပွဲတော်ကို ယနေ့ စတင်ဖွင့်လှစ်လိုက်သည်။ (NEJ/ Mizzima 230210)
- ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများသည် ညှင်းပန်းနှိပ်စက်မှု၊ ဥပဒေမဲ့ ပြုမူမှုများ ခံနေရသဖြင့် ထိုမတရားမှုများ အဆုံးသတ်ရေးအတွက် ထိုင်းအစိုးရက အမြန်ဆုံးဆောင်ရွက်သင့်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW) က ယမန်နေ့က အစီအရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (Irrawaddy 230210)
- စစ်အစိုးရတာဝန်ရှိသူများနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါင်းဆောင်တချို့က နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် မူအားဖြင့်သဘောတူညီထားသော်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးရန် နှစ်ဘက်တင်းမာမှုများ ဖြစ်ပေါ်နေသည်။ (Irrawaddy 230210)
- နိုင်ငံတကာသို့ ထိုးဖောက်မည့် ရုပ်မြင်သံကြားလိုင်း တစ်ခုကို ၂၄ နာရီ ထုတ်လွှင့်ရန်ပြင်ဆင်နေသည့် ကုမ္ပဏီသည် ဗိုလ်ချုပ်ကြီးများနှင့် နီးစပ်မှုရှိသော ရွှေသံလွင်ကုမ္ပဏီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှ ဆိုသည်။ (Irrawaddy 230210)

- မြန်မာရေတပ် ဦးစီးချုပ် ဒု-ဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းသည် ယခုလ ၂၀ ရက်နေ့က အိန္ဒိယနိုင်ငံသို့ရောက်ရှိလာကြောင်း အိန္ဒိယနိုင်ငံထုတ် Hindustan Times သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 230210)
- ရန်ကုန်အင်းစိန်ထောင်တွင် အကျဉ်းသား အခွင့်အရေးရရှိရန် နိုင်ငံရေးအကျဉ်းသား ၆ ဦး ယမန်နေ့မှစတင်၍ အစာခတ်ခံဆန္ဒပြနေကြောင်း အင်းစိန်ထောင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (Mizzima 230210)
- သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မည်ဟု အငြင်းပွားနေသော ကရင်ပြည်နယ် သံလွင်မြစ်ပေါ်မှ ဟတ်ကြီးရေကာတာ စီမံကိန်းလုပ်ငန်းများ ပြည်လည်လုပ်ဆောင်နေပြီဟု အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။ (Mizzima 230210)
- မြန်မာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန်အတွက် တောင်ကိုရီးယားနိုင်ငံ ဟွန်ဒေးကော်ပိုရေးရှင်းနှင့် ဒေဝူးကုမ္ပဏီကြီးအကြား ဒေါ်လာသန်းပေါင်း ၁,၄၀၀ တန်ဖိုးရှိသည့် သဘောတူစာချုပ်ကို ယနေ့လက်မှတ်ရေးထိုး လိုက်ကြသည်။ (VOA 230210)
- မြန်မာ့တပ်မတော်အနေဖြင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းကာ ပြည်သူများကို အလုပ်အကျွေးပြုသည့် တပ်မတော်အဖြစ် ပြောင်းလဲရန် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက စစ်တပ်အရာရှိများနှင့် တပ်မတော်သားများကို တိုက်တွန်းလိုက်သည်။ (VOA 230210)
- ကရင်နီပြည် လွိုင်ကော်မြို့ရှိ ကြည်သာယာရပ်ကွက် ဘုတာရုံအနီးတွင် ဗုံးပေါက်ကွဲပြီးနောက် အာဏာပိုင်များက မြို့တွင်း၌ လုံခြုံရေးတင်းကြပ်စွာ ချထားကာ စစ်ဆေးမှုများ ပြုလုပ်နေကြောင်း လွိုင်ကော်မြို့ခံများက ပြောသည်။ (Kantarawaddy Times 230210)
- မန္တလေးတိုင်း မတ္တရာမြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဦးငြိမ်းမောင်သည် ခန္တီးထောင်တွင် ကျန်းမာရေးအခြေအနေဆိုးရွားနေသဖြင့် စနစ်တကျ ဆေးကုခွင့်ရရန်နှင့် ပုံမှန်တွေ့ခွင့်ရရေးအတွက် အနီးဆုံးထောင်သို့ ပြောင်းရွှေ့ပေးရန် မိသားစုဝင်များက အာဏာပိုင်ကို တောင်းဆိုလိုက်သည်။ (DVB 230210)
- စစ်ကိုင်းတိုင်း ခန္တီးထောင်က နိုင်ငံရေးအကျဉ်းသား ကိုနေဝင်းစိုးကို ထောင်ဝင်စာသွားတွေ့ရာတွင် ထောင်ပိုင်ကြီး၏ စည်းကမ်းတင်းကျပ်မှုများကြောင့် အဆင်မပြေမှုများ ကြုံခဲ့ရကြောင်း မိခင်ဖြစ်သူ ဒေါ်ဝင်းမြင့်က ပြောသည်။ (DVB 230210)
- ယခင်လက မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီ အကြီးအကဲများက မြန်မာနိုင်ငံတစ်ဝန်းရှိ ဆားလုပ်ငန်းရှင်များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံရာမှာ ဆားတန်ချိန်တစ်သိန်း ဝယ်ယူမည်ဟု ပြောဆိုခဲ့ပြီးမှ ယခုအခါ ဝယ်ယူရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်သည်ဟု ဆိုသည်။ (DVB 230210)
- ဥရောပါသမဂ္ဂကိုယ်စားလှယ်အဖွဲ့ နိုင်ငံရေးဌာနမှ တာဝန်ရှိသူ Mr. Isballe Poppel Daum သည် ၂၀၁၀ မြန်မာ့ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု နာမည်ထွက်နေသည့် ပြည်တွင်းနိုင်ငံရေးသမားအချို့ကို လိုက်လံတွေ့ဆုံမေးမြန်းနေသည်။ (DVB 230210)
- မကွေးတိုင်း မကွေးမြို့နယ် ကံသာကြီးရွာတွင် ယခုလ ၂၁ ရက်နေ့က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ အိမ်ခြေပေါင်း ၁၅၀ နီးပါး ပျက်စီးဆုံးရှုံးခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (RFA 230210)

<u>ဖေဖော်ဝါရီလ (၂၄)ရက်</u>

- သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်းနှင့် လားရှိုးမြို့များ၌ လိုင်စင်မဲ့ကားများ ဖမ်းနေချိန်တွင် လားရှိုးမြို့တာဝန်ကျ ပုလိပ်အရာရှိတစ်ဦးက မသမာမှုပြုလုပ်နေကြောင်း ဝန်ထမ်းနှင့်နီးစပ်သည့် ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 240210)
- ယခုလ ၂၆ ရက်နေ့တွင် လားရှိုးမြို့၌ စရဖအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် 'ဝ' ဥက္ကဋ္ဌပေါင်ယူချန်းတို့ တွေ့ဆုံနိုင်ရန် 'ဝ' ဥက္ကဋ္ဌကြီး၏လုံခြုံရေးကိုပါ တာဝန်ယူပေးရန် နအဖက တရုတ်ကို အကူအညီတောင်းထားသည့်ကိစ္စအပေါ် UWSA ဥက္ကဋ္ဌက ထပ်မံငြင်းဆိုသည်။ (S.H.A.N 240210)

- တာချီလိတ်ခရိုင် မိုင်းဖုန်းတိုက်နယ် အခြေစိုက် နအဖ ပုလိပ် ၁၀ ယောက်ကျော် မဲခေါင်မြစ်ထဲ ပစ်သတ်ခံရမှုကြောင့် ရွှေတြိဂံနယ်ခြားတလျောက် အကန့်အသတ်မရှိ ခေတ္တပိတ်ထားသည်ဟု မိုင်းဖုန်းဒေသခံများက ပြောပါသည်။ (S.H.A.N 240210)
- မြန်မာသတင်းစာဆရာများ အပါအဝင် စာပေနယ်ပယ်၊ လူထုဆက်သွယ်ရေးနယ်ပယ်မှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာသတင်းသမဂ္ဂမှ ကြီးမှူး၍ သတ္တမအကြိမ်မြောက်ညီလာခံကို ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် စတင်ကျင်းပခဲ့ရာ စစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းမီဒီယာများအနေဖြင့် မည်သည့်အခန်းကဏ္ဍ၌ ပါဝင်သင့်သည်ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ (NEJ 240210)
- လုပ်ငန်းစဉ် ပိုမိုမြန်ဆန်လာစေရန် ရည်ရွယ်၍ ထိုင်း-မြန်မာနယ်စပ် ဘုရားသုံးဆူမြို့တွင်လည်း ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသွားရန် နစ်ဖက်နိုင်ငံမှ အာဏာပိုင်များက စီစဉ်နေကြောင်း မြန်မာဘက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာန (လဝက) မှ ဝန်ထမ်းတဦးက ပြောသည်။ (NEJ 240210)
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦး လွတ်မြောက်၍ နိုင်ငံရေးလှုပ်ရှားမှုများကို ပြန်လည်ဆောင်ရွက်နေသည့်အတွက် ဂမ်းသာကျေးဇူးတင်သည်ဟု ပြောကြောင်း ယနေ့သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy/ Mizzima 240210)
- ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေတူးဖော်နေသည့် အလုပ်သမားများသည် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ယခုနှစ် ၂ လ အတွင်း သေဆုံးသူ စုစုပေါင်း လူဦးရေ (၂၀) ကျော်ရှိပြီဖြစ်ကြောင်း လုပ်ငန်းခွင်သို့ သွားရောက်ခဲ့သူတစ်ဦးက ပြောသည်။ (Irrawaddy 240210)
- "မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတပါးအလိုတော်ရိ မဖြစ်စေရ"ဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ချင်းပြည်နယ်ခရီးစဉ်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ထုတ် စစ်အစိုးရပိုင်သတင်းစာတွင် ဖော်ပြထားသည်။ (NEJ 240210)
- ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများအနေဖြင့် ဒီမိုကရေစီ အရေးတော်ပုံအတွက် ပူးပေါင်းလုပ်ဆောင်သွားကြရန် ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်းနှင့် ရုပ်ရှင် ဒါရိုက်တာကြီး ဦးဝင်းဖေတို့က ယနေ့ တိုက်တွန်းလိုက်သည်။ (Mizzima/ Yoma3 240210)
- ယခုလ ၂၀ ရက်နေ့က ရွှေတြိဂံနယ်၊ မဲခေါင်မြစ်အတွင်း ပစ်ခတ်မှုကြောင့် ယခုအခါ မြန်မာနှင့်လာအိုနယ်စပ် လုံခြုံရေးတိုးမြှင့်လိုက်ကာ နယ်စပ်အဝင်အထွက်ကို ပိတ်လိုက်သည်။ (Mizzima 240210)
- ရခိုင်ပြည်နယ်တွင် ပထမဆုံး ပေါ်ပေါက်လာသည့် မေတ္တာဂုဏ်ဝတီအမည်ရှိ အခမဲ့မျက်မမြင် ပညာသင်ကျောင်းတကျောင်းကို မကြာသေးခင်က စစ်တွေမြို့၌ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း ကျောင်းအုပ်ဖြစ်သူ ကိုကျော်ကျော်ဝင်းက ပြောသည်။ (Mizzima 240210)
- ဂီတဝိုင်းများမှ ပေးပို့သည့် နိုင်ငံတော် အကျိုးပြုတေးများအနက် နစ်သက်သည့် တေးများကို ပြန်ကြားရေးဝန်ကြီးဌာနမှ မကြာမီ ဆုပေးရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ဆိုသည်။ (Mizzima 240210)
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားက မြန်မာနိုင်ငံခရီးစဉ်တွင် "မြန်မာနိုင်ငံရွေးကောက်ပွဲနှင့်ပတ်သက်၍ လူထုဆန္ဒပြပွဲများ ပေါ်ပေါက်လာနိုင်ကြောင်း" စစ်အစိုးရ ရဲချုပ်ခင်ရီကို သတိပေးခဲ့သည်ဟု ဆိုသည်။ (RFA 240210)
- ယခုလကုန်ပိုင်းအထိ ယာယီနိုင်ငံကူးလက်မှတ် မလျှောက်သည့် မြန်မာအလုပ်သမားများကို ထိုင်းအစိုးရက နေရပ်ပြန်ပို့မည်ဟု ကြေညာထားခဲ့ပြီး ယခုအခါ အချိန်တလထပ်တိုးပေးလိုက်သည်။ (DVB 240210)
- နအဖစစ်အစိုးရက ကတိပြုထားသည့် ရွေးကောက်ပွဲက ယခုနှစ်ထဲ ကျင်းပရန်စီစဉ်နေမှုနှင့်ပတ်သက်၍ အမေရိကန်ယာယီသံမှူးအဖွဲ့က NLD ခေါင်းဆောင်အချို့နှင့် ယနေ့လာရောက်တွေ့ဆုံခဲ့သည်။ (VOA 240210)
- ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း IDP's ပြည်တွင်းရွှေ့ပြောင်းသူများ ဖွင့်လှစ်ထားသည့် စာသင်ကျောင်းတစ်ကျောင်းကို နအဖစစ်တပ် ခမရ ၃၈၇ က ယခုလ ၁၉ ရက်နေ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးတစ်ဦး သေဆုံးကာ နစ်ဦးဒဏ်ရာရရှိခဲ့သည်။ (BBC 240210)

ဖေဖော်ဝါရီလ (၂၅)ရက်

- မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင် လှုပ်ရှားမှုများနှင့် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုများ ဆက်စပ်နေသဖြင့် မူးယစ်ဆေးဝါးများ တိုက်ဖျက်မည်ဆိုလျှင် လက်နက်ကိုင်အကြမ်းဖက်မှုများကို လျော့ပါးသွားအောင်လုပ်ရမည်ဖြစ်ကြောင်း UNODC မှဆိုသည်။ (VOA 250210)
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ဘက် ၂၇ မိုင်အကွာရှိ ရောဂတီမြစ်ဆုံတွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းအတွက် ဌာနေပြည်သူများကို ဖစစ်အစိုးရအာဏာပိုင်များက ကျေးရွာများပြောင်းရွှေ့ပေးရန် ခြိမ်းခြောက်မှုများပြုလုပ်နေသည်။ (KNG 250210)
- ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် မြန်မာ့သတင်းသမဂ္ဂ ညီလာခံတွင် စစ်အစိုးရက ယခုကျင်းပမည့် ရွေးကောက်ပွဲသည် စစ်တပ်က မြန်မာ့နိုင်ငံရေးတွင် ရေ့တိုးဝင်ရောက်စွက်ဖက်လာခြင်း မဟုတ်ဘဲ နောက်တစ်လှမ်းဆုတ်ခြင်းသာဖြစ်ကြောင်းနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။ (NEJ/ Irrawaddy 250210)
- မြန်မာနိုင်ငံ၌ နလုံးခွဲစိတ်မှုအတွက် ကုန်ကျစရိတ်လွန်စွာကြီးမားသဖြင့် စရိတ်မတတ်နိုင်သော လူနာအများစုသည် ဆေးကုသမှုမခံယူနိုင်ဘဲ အသက်အန္တရာယ် စိုးရိမ်စရာအခြေအနေနှင့် ရင်ဆိုင်နေကြရသည်ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး နလုံးခွဲစိတ်ကုသဆောင်မှ လူနာများက ပြောသည်။ (NEJ 250210)
- စာရေးဆရာကြီး အီကြာကွေးစုဆောင်းထားရှိခဲ့သည့် စာအုပ်များကို ရန်ကုန်နာရေးကူညီမှုအသင်းတွင် ဖွင့်လှစ်ထားသော သုခအလင်းစာကြည့်တိုက်သို့ ယနေ့လှူဒါန်းခဲ့သည်။ (NEJ 250210)
- မကြခဏ အင်တာနက်ပြတ်တောက်မှုများသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို များစွာထိခိုက်နစ်နာစေကြောင်း ယင်းလုပ်ငန်းများနှင့် ဆက်စပ်နေသူများမှ ဆိုသည်။ (NEJ 250210)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဗဟိုဦးစီးအဖွဲ့ဝင် ၁၀၀ နှင့် အရန်အဖွဲ့ဝင် ၈ ဦးကို ယနေ့ အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဝင်းနိုင်က ပြောသည်။ (Irrawaddy 250210)
- မြန်မာနိုင်ငံမှ ကရင်အမျိုးသမီး ရွာသူကြီးများသည် မြန်မာစစ်အစိုးရ၏ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံနေရကြောင်း ကရင်အမျိုးသမီးအစည်းအရုံး (KWO) က ယနေ့ ထုတ်ဝေသည့် အစီရင်ခံစာတွင် ဖော်ပြသည်။ (Irrawaddy 250210)
- စစ်အစိုးရနှင့် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့က ပြည်တွင်း သံဃာတော်များ၏ လှုပ်ရှားမှုများကို ပိုမို ကန့်သတ်ချုပ်ချယ် နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်း အသစ်များ ထုတ်ပြန်ရန် ပြင်ဆင်နေသည်။ (Irrawaddy 250210)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း နတ်မြစ်ကမ်းတလျှောက်မှ ကျေးရွာများတွင် ဓားပြများရန်ကိုကာကွယ်ရန်အတွက် ယခုလ ၂၀ ရက်နေ့မှစ၍ ရွာသားများကိုယ်တိုင် အလှည့်ကျ ကင်းစောင့်နေရကြောင်း ဒေသခံများကသည်။ (Mizzima 250210)

ဖေဖော်ဝါရီလ (၂၆)ရက်

- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အထူးတရားရုံးမှ ပြစ်ဒဏ်ချမှတ်မှုကို အယူခံတင်သွားထားသော မြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်လဲချက်ကို ဗဟိုတရားရုံးချုပ်မှ ယနေ့ ပယ်ချလိုက်ကြောင်း ရှေ့နေဦးညဏ်ဝင်းက ပြောသည်။ (NEJ/ Irrawaddy/ RFA 260210)
- ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်သော မြန်မာ့သတင်းသမဂ္ဂ (၇) ကြိမ်မြောက်ညီလာခံတွင် မြန်မာစာပေနယ်ပယ်မှ ကာတွန်းဆရာများသည် ဆင်ဆာရုစ် (၃) ခုကို ဖြတ်သန်းနေရကြောင်း ဆရာရဲခေါင်မဲမောင်က အာဏာရှင်အောက်မှ မြန်မာကာတွန်းလောက စာတမ်းကို ဖြတ်ကြားတင်သွင်းခဲ့သည်။ (NEJ 260210)

**NDD-**မှတ်တမ်းတင်နှင့်သုတေသနဌာန

- ရေနက်ကွင်းလယ်မြေများ ကင်းပျောက်စေရန်အတွက် နအဖစစ်အစိုးရက ဖောက်လုပ်သောတူးမြောင်းသည် နည်းစနစ်မမှန်ကန်သောကြောင့် ရေနက်ကွင်းဧရိယာ နည်းမသွားဘဲ ပိုမိုတိုးပွားလာနေသည်ဟု ဒေသခံတောင်သူများက ပြောသည်။ (NEJ 260210)
- ကချင်ပြည်နယ်၊ ဖန်းမော်ခရိုင်အတွင်း တရားမဝင်သစ်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ထမင်းချက်အဖြစ် အလုပ်လုပ်နေကြသည့်ဒေသခံအမျိုးသမီးများ တရုတ်နိုင်ငံသား သစ်လုပ်ငန်းရှင်များ၏ ဖြားယောင်းလိမ်ညာပေါင်းသင်းမှု ခံရကာ ဘဝပျက်နေကြကြောင်း ဒေသခံများက ပြောသည်။ (NEJ 260210)
- ၂၀၀၉ ခုနှစ်နှောင်းပိုင်းမှစ၍ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ အလုပ်သမားများ၏ ဆက်တိုက်ဆန္ဒပြမှုများကို အလုပ်သမားဝန်ကြီးက စိုးရိမ်ပူပန်နေကြောင်း ရန်ကုန်တိုင်း အလုပ်သမား ဥပဒေစစ်ဆေးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 260210)
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးဌာန၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံမှု အားနည်းသဖြင့် စည်ပင်ဈေးများ မီးလောင်ကျွမ်းမှုဖြစ်ပွားရကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူအချို့က ဝေဖန်ပြောဆိုလိုက်သည်။ (NEJ 260210)
- စစ်အစိုးရက ရှမ်းပြည်နယ် သံလွင်မြစ်အထက်ပိုင်း ကွမ်လုံဒေသတွင် တရုတ်နိုင်ငံနှင့် ဒုတိယအကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းတစ်ခုတည်ဆောက်ရန် သဘောတူစာချုပ် ချုပ်ဆိုလိုက်ကြောင်း ယနေ့ထုတ် အစိုးရ သတင်းစာများက ဖော်ပြထားသည်။ (Irrawaddy 260210)
- ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းခရိုင်အတွင်း ယမန်နေ့က တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တင်ဆောင်လာသည့် ကားကို ထိုင်းလုံခြုံရေးတပ်က ပစ်ခတ်ဖမ်းဆီးခဲ့သောကြောင့် ကလေးငယ် ၂ ဦး အပါအဝင် ၃ ဦးသေဆုံးသွားကာ ၅ ဦး ဒဏ်ရာရရှိခဲ့သည်။ (Irrawaddy/ Mizzima 260210)
- ရန်ကုန်အခြေစိုက် ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံအချို့နှင့် အမေရိကန်သံတမန်များသည် နအဖပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် အမြင်သဘောထားများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ယနေ့ လာရောက်မေးမြန်းခဲ့သည်။ (Mizzima/ DVB 260210)
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲသည့် ၁၆ နှစ်ပြည့် အထိမ်းအမှတ် နင်ဂွန်ထင်ရမ် မနောပွဲတော်ကြီး ယနေ့ ပြီးဆုံးသွားပြီဖြစ်သည်။ (Mizzima 260210)
- စစ်ကိုင်းတိုင်း ကလေးမြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်မှ စတင်၍ CDMA 450 MHz ကဒ်သုံး လက်ကိုင်ဖုန်းများ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒေသခံများက ပြောသည်။ (Mizzima 260210)
- လုပ်ခတိုးမြှင့်ပေးရန်အတွက် ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ် စက်မှုဇုန် ၁ ရှိ ပြုံးပန်းတရာ အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၀၀ ခန့် ယမန်နေ့က ဆန္ဒပြခဲ့သည်။ (Mizzima 260210)
- ရန်ကုန်တွင် FEC တန်ဖိုးမှာ လွန်ခဲ့သည့် တလကြာကာလအတွင်း တက်ဈေးထက် ကျဈေးဘက်က များနေကြောင်း FEC ရောင်းဝယ်သူများက ပြောသည်။ (Mizzima 260210)
- ဒေါ်အောင်ဆန်းစုကြည် Fan Facebook စာမျက်နှာကို ကွန်ပျူတာဝန်းက ဝင်ရောက်ဖတ်ရှုသူ တသိန်းခွဲရှိပြီဖြစ်ကြောင်း ၎င်းစာမျက်နှာကို ဖွင့်လှစ်ထားသည့် ဘားမားကမ်ပိန်း-ယူကေက သတင်းထုတ်ပြန်လိုက်သည်။ (DVB 260210)
- နအဖစစ်အစိုးရထိပ်ပိုင်းခေါင်းဆောင်များနှင့် နီးစပ်သည့် လုပ်ငန်းရှင်များကို စစ်အစိုးရက နိုင်ငံပိုင်အဆောက်အဦး ၇၀ ရာခိုင်နှုန်းကျော် လေလံတင်ရောင်းချပြီးစီးသွားပြီဖြစ်ကြောင်း စီးပွားရေးအသိုင်းအဝိုင်းမှ ဆိုသည်။ (DVB 260210)
- အင်းစိန်းထောင်ရှိ ရာဇဝတ်မှုနှင့်အကျဉ်းကျသူ အကျဉ်းသား ၂၀၀ နီးပါးကို ယနေ့ စစ်အစိုးရက လွှတ်ပေးခဲ့ရာ နိုင်ငံရေးအကျဉ်းသားများမပါရှိကြောင်း ထောင်ဝန်ထမ်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (DVB 260210)
- ရန်ကုန်မြို့အခြေစိုက် EU ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့နှင့် အမေရိကန်သံတမန်များသည် NLD ခေါင်းဆောင်များကို ယနေ့ လာရောက်တွေ့ဆုံရာ ရွေးကောက်ပွဲနှင့် ပတ်သက်သည့်သဘောထားများကို မေးမြန်းခဲ့ကြောင်း ပါတီပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ဆွေက ပြောသည်။ (RFA 260210)

ဖေဖော်ဝါရီလ (၂၇)ရက်

- မြန်မာစစ်အစိုးရ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ထိုင်းနိုင်ငံဘန်ကောက်မြို့အနီးရှိ မဟာချိုင်ဒေသသို့ လာရောက်၍ ယာယီနိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) ပြုလုပ်သည့် အလုပ်သမားများကို ဖမ်းဆီးမှုမပြုကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy/ RFA 270210)
- ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပအိုဝ့်တိုင်းရင်းသားများ၏ ရိုးရာ အဆိုအက၊ စာပေအနုပညာများပါဝင်ပြသသည့် ယဉ်ကျေးမှုပွဲတော်ကို ယနေ့ ကျင်းပပြုလုပ်ခဲ့ကြသည်။ (Irrawaddy 270210)
- ရန်ကုန်တိုင်းရွှေပြည်သာမြို့နယ်ရှိ Good Family အထည်ချုပ်စက်ရုံက အလုပ်သမားများသည် ယခုလ ၂၆ ရက်နေ့က အခွင့်အရေးများရရှိရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (RFA 270210)
- ILO ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာစစ်အစိုးရအကြား သဘောတူထားသည့် နားလည်မှုစာချွန်လွှာကို မြန်မာဘာသာပြန်ဆိုကာ ရခိုင်ပြည်နယ်မှ မြို့နယ် (၇) မြို့နယ်တွင် တက်ကြွလှုပ်ရှားသူများက ဖေဖော်ဝါရီလ တစ်လလုံး နီးပါး ဖြန့်ဝေခဲ့ကြသည်။ (RFA 270210)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလျှောက်လဲချက်ကို ဗဟိုတရားရုံးက အကြောင်းပြချက်မရှိဘဲ ယခုလ ၂၆ ရက်နေ့က ပယ်ချလိုက်သည့်အတွက် ကုလသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါအစိုးရများက ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။ (RFA 270210)
- ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း တပ်စင်ရှင်နာဝါထရာ ဝန်ကြီးချုပ်ဖြစ်စဉ်က မြန်မာနိုင်ငံကို မိမိသဘောအတိုင်း ဘတ်သန်းပေါင်း ၄၀ ချေးပေးခဲ့သဖြင့် ထိုလုပ်ရပ်သည် အာဏာအလွဲသုံးစားပြုလုပ်ခဲ့သည်ဟု ယမန်နေ့က ထိုင်းတရားရုံးတွင် ကြားနာခဲ့သည်။ (Kantarawaddy Times 270210)
- နေအိမ်အကျယ်ချုပ် ချမှတ်ခံထားရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန်အတွက် ပခုက္ကူမြို့တွင်ရှိ သံဃာတော်များက ယနေ့ကျရောက်သည့် တပေါင်းလပြည့်နေ့၌ ဆုတောင်းခဲ့ကြသည်။ (DVB 270210)
- အကျဉ်းသားအခွင့်အရေးများ ဆုံးရှုံးနေသဖြင့် အင်းစိန်ထောင်ထဲတွင် အစာငတ်ခံဆန္ဒပြနေသည့် အခြေအနေကို ဘာမှမသိရသောကြောင့် မိသားစုများနှင့် နိုင်ငံရေးအကျဉ်းသားများအရေး ဆောင်ရွက်နေသူများက အထူးစိုးရိမ်ပူပန်နေကြသည်။ (DVB 270210)
- ယခုလ ၂၅ ရက်နေ့မှစ၍ ပြည်ပမှ တင်သွင်းလာသည့် သွင်းကုန်ပစ္စည်းများအပေါ် အခွန် ၂ ဆကျော် တိုးမြှင့်လိုက်သည်။ (DVB 270210)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အယူခံလျှောက်လဲချက်ကို နအဖဗဟိုတရားရုံးက ပယ်ချလိုက်သည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အသီးသီးမှ အဖွဲ့ချုပ်အဖွဲ့ဝင်များက ပြစ်တင်ရှုတ်ချလိုက်သည်။ (DVB 270210)

ဖေဖော်ဝါရီလ (၂၈)ရက်

- မြန်မာအပါအဝင် နိုင်ငံခြားသား အလုပ်သမားများကို ဖမ်းဆီးကာ နေရပ်ပြန်ပို့ရန် ထိုင်းအစိုးရစီစဉ်နေခြင်းသည် နိုင်ငံတကာနှင့်ဒေသတွင်း သဘောတူညီချက်များအား ချိုးဖောက်ရာရောက်နိုင်သည့်အတွက် ယင်းအစီအစဉ်ကို ရပ်တန့်ပေးရန် ဖိလစ်ပိုင်အခြေစိုက် IMA အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းအလုပ်သမားများ မဟာမိတ်အဖွဲ့က တောင်းဆိုလိုက်သည်။ (RFA 280210)
- ရန်ကုန်တိုင်းအတွင်းရှိ စာပေမြတ်နိုးသူ လူငယ်များစုစည်းကာ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်တစ်အိမ်တွင် ဂါရင့်စာပေပညာရှင်များကို ဖိတ်ကြားကန်တော့ခဲ့ကြသည်။ (RFA/ DVB 280210)

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပယ်ခံအား ပယ်ချလိုက်ခြင်းသည် မြန်မာစစ်အစိုးရ၏ နိုင်ငံရေးပါသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း အဝေးရောက်မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB က ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။ (RFA 280210)
- မြန်မာနိုင်ငံသား ကွန်ပျူတာအသုံးပြုသူများက Microsoft Computer Company ထုတ် ကွန်ပျူတာ Windows များသည် မြန်မာဘာသာထည့်သွင်းပေးရန် သက်ဆိုင်ရာ ကုမ္ပဏီးအကြီးအကဲများကို စာရေးတောင်းဆိုရန် စီစဉ်နေသည်။ (DVB 280210)

---

*End of report: Thursday, March 4, 2010*
*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။*
*Documentation and Research Department- NDD*

---